# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ် (၀၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား

## တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားများလာရောက်လည်ပတ်လိုသည့် ဒေသများဖြစ်စေရေး ဒေသများအလိုက်သန့်ရှင်းသာယာလှပပြီး ပန်းပေါင်းဝေဆာသည့် ဒေသများဖြစ်စေရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❋*

## (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား MRTV က တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၄ ခုနှစ်၊ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပမည်ဖြစ်သည်။


*စာမျက်နှာ ၅ ကော်လံ ၅ ❂*


**ယနေ့ မာ တိ ကာ**

မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ် အပတ်စဉ်ပျံသန်းပြေးဆွဲမည် — ပြည်တွင်းသတင်း — စာ ၉

နိုင်ငံသားတစ်ဦးတစ်ယောက်၏ စိတ်ဓာတ် စည်းကမ်း ပညာ — ဆောင်းပါး — စာ ၁၀

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်၊ ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှ နိုင်ငံတည်တံ့ခိုင်မြဲမည်




* ❑ **နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်းများအထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းနှင့် နည်းပညာများ ဖန်တီးပေးနိုင်ရမည်**
* ❑ **သစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးကြရန်လည်းလို၊ တိုင်းပြည်၏ အခြေခံ အရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုး တိုးတက်လာနိုင်မည်**

*❊ ရွှေဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြီးခဲ့သည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ကြောင်း၊ အများစုကောက်ခံပြီးဖြစ်သော်လည်း ဆက်လက်၍ ကောက်ယူရန်ရှိသည့်နေရာများ ကျန်ရှိနေသေးကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးအရ ကောက်ယူရန်ကျန်ရှိသည့်နေရာများတွင်လည်း ဆက်လက်ကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ အားလုံးကို နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း။

## ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေး

ပြီးခဲ့သည့်လအတွင်း ရာဂီမုန်တိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခဲ့သည့် အရှိန်များကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်ပွားစဉ် လူသေဆုံးမှုအနေဖြင့် ယခုအချိန်အထိ စာရင်းအရ ၄၄၄ ဦးရှိခဲ့ကြောင်း၊ အလားတူ အိမ်မွေးတိရစ္ဆာန်များသေဆုံးခဲ့သကဲ့သို့ နေအိမ်အဆောက်အဦများ၊ လမ်းတံတားများပျက်စီးခဲ့ပြီး ယာဉ်၊ ယန္တရားများလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနက် ယခုဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုသည် အများဆုံးဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် စေတနာရှင်ပြည်သူများနှင့် ပရဟိတအဖွဲ့အစည်းအသီးသီးအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်ကို တွေ့ရှိရသဖြင့်လည်း မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း။

ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းပမာဏကျယ်ပြန့်သဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်အပြင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ရန် လိုအပ်သဖြင့် နိုင်ငံတော်အဆင့် အလှူငွေလက်ခံခြင်းကို သုံးကြိမ်ဆောင်ရွက်ခဲ့ရာ အလှူငွေ ၅၃ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းအနေဖြင့်လည်း သက်ဆိုင်ရာနေရာအသီးသီးသို့ သွားရောက်လှူဒါန်းခြင်း၊ ဝိုင်းဝန်းကူညီခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီအသင်းအဖွဲ့များကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ထိုကဲ့သို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့မှုများနှင့် စေတနာရှင်၊ အလှူရှင်များအားလုံး၏ လှူဒါန်းမှုများကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါကြောင်း။

> ◆ **ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းပမာဏကျယ်ပြန့်သဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်အပြင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ရန် လိုအပ်သဖြင့် နိုင်ငံတော် အဆင့် အလှူငွေလက်ခံခြင်းကို သုံးကြိမ်ဆောင်ရွက်ခဲ့ရာ အလှူငွေ ၅၃ ဘီလီယံကျော်ရရှိခဲ့**

## မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းဆောင်ရွက်

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပခဲ့ပြီး မကြာမီအချိန်တွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးကို ယခုကဲ့သို့အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည့် ကဏ္ဍအလိုက် တာဝန်ရှိသူများကို အသိအမှတ်ပြုကြောင်း၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအားလုံးမှ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခု **မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်**ကြောင်း၊ ထိုသို့ **ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှ နိုင်ငံတည်တံ့ခိုင်မြဲမည်ဖြစ်**ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဆက်လက်၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

## ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တာဝန်ထမ်းဆောင်မှု

ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ ထမ်းဆောင်ရသည့်ကဏ္ဍအလိုက်နှင့် ဒေသ၏အကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အဆင့်မှ သိသင့်သိထိုက်သည်များကို တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာလျှင် နိုင်ငံတော်အဆင့်မှ လမ်းညွှန်မှာကြားရန်လိုအပ်သည်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့် ပတ်သက်ပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် အလေးထားတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့် ရုံးဌာနများနှင့် လုပ်ငန်းတာဝန်များ ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း အခက်အခဲများဖြစ်ပေါ်ပါက တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင် ရိုးရိုးသားသားဖြင့် မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်သွားရန်လိုပြီး မိမိတို့လုပ်ဆောင်ချက်များအားလုံးကို မှတ်ကျောက်တင်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

## ကမ္ဘာပေါ်တွင် စားရေရိက္ခာထုတ်လုပ်သည့် နိုင်ငံတစ်ခုအဖြစ် ဂုဏ်ယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားခဲ့မှုကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ့စီးပွားရေးပြန်လည်ဦးမော့လာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာခဲ့ကြောင်း၊ သို့သော် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုအားနည်းနေဆဲဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိသော်လည်း ထိုက်သင့်သလောက် တိုးတက်မှုမရှိသေးကြောင်း၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် စံပြစိုက်ခင်းများ

*စာမျက်နှာ ၄ သို့*

◆ **ဝါနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကြရန်လို၊ ပြည်နယ်နှင့်တိုင်းအားလုံးတွင် အထည်လုပ်ငန်းများရှိကြပြီး ချည်နှင့်ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်၊ ဝါနှင့်ပတ်သက်၍ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရန်လိုပြီး စိုက်ကေများမှ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့် ချည်ထည်ပစ္စည်းများအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့်ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်**

*စာမျက်နှာ ၃ မှ*

စိုက်ပျိုး၍ စံနမူနာပြ ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေး အတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုး ထုတ်လုပ်နိုင်မည်ဆိုပါက ၎င်းနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးအား တိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့တွင်ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြရန်လိုကြောင်း၊ ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရမည်၊ မြေကို စနစ်တကျပြုပြင် ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နေကြသည့် ပြည်ပနိုင်ငံများ၏ နည်းစနစ်များကိုလည်း လေ့လာ အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက်လည်း အသီးအနှံများ ပိုမို ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အားပေးဆောင်ရွက် သွားရန်လိုကြောင်း၊ မိမိတို့တွင်ရှိသည့် အခြေခံ ကောင်းများကို ကောင်းစွာအသုံးချနိုင်ခြင်းသည် နိုင်ငံ၏အားပင်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ထုတ်ကုန်များနှင့်ပို့ကုန်များ တိုးမြှင့်လာအောင် ဆောင်ရွက်ကာ ကမ္ဘာပေါ်တွင် စားရေရိက္ခာကို ထုတ်လုပ်သည့်နိုင်ငံတစ်ခုအဖြစ် ဂုဏ်ယူနိုင်ရန် လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် မွေးမြူနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ဒေသန္တရမွေးမြူခြင်းထက် လျှောင်၍ မွေးမြူပြီး ဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူပြုမည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အတွက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံ သင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက စားသောက်ကုန်များ များစွာထုတ်လုပ်နိုင်သည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်းများအထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းနှင့် နည်းပညာများ ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးကြရန်လည်းလိုကြောင်း၊ တိုင်းပြည်၏ အခြေခံအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဆောင်ရွက်မှုများတွင် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတွင်းရှိ အခြားသော ပြည့်ဖြိုးမြဲ အခြေခံသယံဇာတများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဥပမာအားဖြင့် သစ်၊ ဝါး၊ ကြိမ်၊ ရော်ဘာတို့ကို အခြေခံသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

**ဝါနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကြရန်လို**ကြောင်း၊ ပြည်နယ်နှင့်တိုင်းအားလုံးတွင် အထည်လုပ်ငန်းများရှိကြပြီး ချည်နှင့်ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရန်လိုပြီး စိုက်ကေများမှ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့် ချည်ထည်ပစ္စည်းများ အဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့်ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ တစ်ခေတ်ဆန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ရော်ဘာထုတ်ကုန်များကိုလည်း မိမိတို့ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ရမည် ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများ ကိုအားပေး၍ ပြည်တွင်းလိုအပ်ချက် ပြည့်မီစေရေး ထုတ်လုပ်နိုင်ကြရန်လိုကြောင်း။

## ပညာရေးနှင့် ခရီးသွားကဏ္ဍ

မကြာမီကာလအတွင်း တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားများအားလုံး လုံခြုံချောမွေ့စွာ၊ ပျော်ရွှင်ချောမွေ့စွာဖြင့် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများ စိတ်လက်ချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေး ကျောင်းများအတွင်း သန့်ရှင်းသာယာမှုရှိအောင် ဆောင်ရွက်ပေးကြရန်လိုသကဲ့သို့ တန်းစဉ်အလိုက် သင်ရိုးအားလုံး တတ်မြောက်စေရေး အချိန်ပိုစာသင်ချိန်များဖြင့် သင်ကြားပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားများလာရောက်လည်ပတ်လိုသည့် ဒေသများဖြစ်စေရေး **ဒေသများအလိုက် သန့်ရှင်းသာယာလှပပြီး ပန်းပေါင်းဝေဆာသည့် ဒေသများဖြစ်စေရေး ဆောင်ရွက်ကြစေလို**ကြောင်း၊ အလားတူ ဒေသအလိုက် ထုတ်ကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရန် လိုကြောင်း၊ တည်းခိုသည့် ဟိုတယ်များနှင့် တည်းခိုခန်းများ သန့်ရှင်းမှုရှိစေရေးအတွက်လည်း တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး စံပြစိုက်ခင်းများ စိုက်ပျိုး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိုးရာသီကာလအတွင်း စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းစေရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မူဝါဒများကို အောက်ခြေအဆင့်အထိ သိရှိအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် Check ၊ Recheck ၊ Counter Check ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသလုံခြုံရေးနှင့် ပတ်သက်၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်တွင်လည်း အရည်အချင်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို စည်းကမ်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်နှင့် ပုစွန်မွေးမြူခြင်းလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်၍ ရေထွက်ပစ္စည်း တိုးတက်တင်ပို့နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပသို့ ပညာတော်သင်သွားရောက်သည့် ကိစ္စများနှင့် ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းများမှ အဓိကအချက်များကို ဦးစားပေးအနေဖြင့် အကောင်အထည်ဖော်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်းပြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းနှင့် အခြားကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်တကျဖြင့် အောင်မြင်အောင် ကျင်းပနိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း။


မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးရည်မှန်းချက်ကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးစီမံကိန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ စနစ်တကျကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရည်မှန်းချက်တစ်ခုချင်းအလိုက် စနစ်တကျဖြင့်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းတာဝန်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ရည်မှန်းချက်များကို တစ်ဆင့်ချင်း အောင်မြင်အောင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် မိမိတို့ထမ်းဆောင်ရသည့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများနှင့်ပတ်သက်၍လည်း စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းများမှ အဓိကအချက်များကို ဦးစားပေးအနေဖြင့် အကောင်အထည်ဖော်ရန်လို၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်းပြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းနှင့် အခြားကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၊ စနစ်တကျဖြင့် အောင်မြင်အောင် ကျင်းပနိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိ**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**

လာအို-မြန်မာ နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Crowne Plaza ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဝန်ကြီး H.E. Mdm. Baykham KHATTIYA နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းအလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်အားသယံဇာတဖြစ်ပြီး မူရင်းနိုင်ငံနှင့် လက်ခံသည့်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပါဝင်ဆောင်ရွက်နေကြသူများ ဖြစ်ကြောင်း၊ အလုပ်သမားများ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် နေရာချထားရေး၊ လူမှုဖူလုံရေး၊ အလုပ်သမား ကာကွယ် စောင့်ရှောက်ရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များတွင် အထူးသဖြင့် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေမည့် အခြေခံကျသော အလုပ်သမားရေးရာ အခြေခံမူများနှင့် အလေ့အထများ ချမှတ်သွားရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**အလုပ်သမား သံအရာရှိများ ခန့်အပ်တာဝန်ပေးထား**

ထို့နောက် "မြန်မာ့အလုပ်သမားရေးရာနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ မျှဝေခြင်း" ကဏ္ဍတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ ပြုလုပ်ရာတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အလေးထားဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံတော်၏ အဓိက စီးပွားရေးကဏ္ဍများဖြစ်ပြီး ယင်းကဏ္ဍများကို မြှင့်တင်၍ နိုင်ငံ့စီးပွားရေးမြင့်မားရန် နိုင်ငံတော်၏ ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များတွင် ထည့်သွင်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ သွားရောက် အလုပ်လုပ်ကိုင်ရာတွင် စနစ်တကျရှိစေရေး၊ ဥပဒေနှင့်အညီ ဖြစ်စေရေးတို့အတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ခေတ်စနစ်နှင့် အညီပြင်ဆင်သည့် ဥပဒေအတည်ပြုပြဋ္ဌာန်းရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာ လုပ်သားများ ရွှေ့ပြောင်းခြင်းစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် ၅ နှစ်တာ လုပ်ငန်းစီမံချက်ကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ ပြည်ပရှိ မြန်မာအလုပ်သမားများကို ကူညီဆောင်ရွက်ပေးရန် အလုပ်သမား သံအရာရှိများကို ကိုရီးယား၊ ထိုင်း၊ မလေးရှားနှင့် ဂျပန်နိုင်ငံတို့တွင် ခန့်အပ်တာဝန်ပေးထားပြီး သံအရာရှိ မရှိသည့်နိုင်ငံများတွင် မြန်မာသံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အနာဂတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းကဏ္ဍတွင် နှစ်နိုင်ငံကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလုပ်သမားဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမ အထူးအယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာ ကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၃/၂၀၂၄ (မန္တလေး)နှင့် တရားမ အထူးအယူခံမှု အမှတ် ၅၃/၂၀၂၄ (ရန်ကုန်)၊ ၅၇/၂၀၂၄ (တနင်္သာရီ)၊ ၆၆/၂၀၂၄ (တနင်္သာရီ)၊ ၆၇/၂၀၂၄ (တနင်္သာရီ)၊ ၆၉/၂၀၂၄ (မကွေး) စုစုပေါင်း ရာဇဝတ် အထူးအယူခံမှု (၁)မှုနှင့် တရားမ အထူးအယူခံမှု (၅) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ရှေ့ဖုံးမှ*

အဆိုပါအခမ်းအနား ကျင်းပပုံများကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV – Parliament, MRTV-NRC, MWD-HD, MWD Variety-HD Channelများနှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့က တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံ ရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့ကလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်သည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် အောက်တိုဘာ ၂၁**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ သာသနိက အဆောက်အဦများ၊ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ ကျောက်စာရုံစေတီတော်များနှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးကို ကြည့်ရှုလေ့လာ ဖူးမြော်ကြည်ညိုကြသည်။

**ကြည့်ရှုလေ့လာ**

ထို့အတူ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြကာ ဆင်ဖြူတော်ထိန်းသိမ်း စောင့်ရှောက်ရေး ဥယျာဉ်ရှိ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာ၍ အာဟာရဒါန ကျွေးမွေးကြသည်။

ထို့ပြင် နေပြည်တော် Junction Center နှင့် ဥတ္တရသီရိ Ocean Super Center တို့သို့ သွားရောက်ကြပြီး အမှတ်တရလက်ဆောင်စွည်းများ ဝယ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း ကြည့်ရှုလေ့လာကြစဉ်။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ ဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်ရှိ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာစဉ်။

## ဓနုဖြူမြို့နယ်၌ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

**ဓနုဖြူ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ၏ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)စီမံကိန်းတာဝန်ပေးအပ်ပွဲကို အောက်တိုဘာ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မအူပင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဆီထွက်သီးနှံအထူးဇုန်(၂) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်လဲ့လဲ့ဦးက အထူးဇုန်စီမံကိန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအေးကိုတင့်က ဆီထွက်သီးနှံ (မြေပဲ၊နှမ်း၊နေကြာ) တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး ကျေးရွာအုပ်စုများသို့ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းတာဝန်များ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆီထွက်သီးနှံအထူးဇုန်(၂) တာဝန်ခံ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေ နှစ်သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ယခင်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှဘုရားဖူး လာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။**(အောက်ပုံ)**

ထိုသို့မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ဩဂုတ် ၈ ရက်မှစ၍ ဘုရားဖူးပြည်သူအများအပြားနေ့စဉ် လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့အထိ ဘုရားဖူးလာသူ ပြည်သူနှစ်သန်းကျော်အနက်မှ ၂၀၂၅ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုဆို၊ က၊ ရေး၊ တီး၊ ပြိုင်ပွဲ အခြေခံပညာ (၁၅-၂၀) စန္ဒရားအတီးပြိုင်ပွဲ (ဧရာဝတီတိုင်း)မှ ပြိုင်ပွဲဝင်လာရောက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ မကေဇော်ရှင်းသန့်သည် ဦးရေနှစ်သန်းပြည့်ကံထူးသူ တစ်ဦးဖြစ်ကြောင်း သိရသည်။



အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ နှစ်သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် မကေဇော်ရှင်းသန့်နှင့် မိဘဖြစ်သူများအား ဘုရားကြီး ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မကေဇော်ရှင်းသန့်နှင့် မိဘများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံစေတီတော်များ၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။



ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ နှစ်သန်းမြောက် ဘုရားဖူးပြည်သူဖြစ်လာရသည့် အကြောင်းအရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုနှင့်အညီ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ဦးရေနှစ်သန်းမြောက် ဘုရားဖူးပြည်သူ မကေဇော်ရှင်းသန့်အား ဓမ္မလက်ဆောင်အဖြစ် ဉာဏ်တော် ကိုးလက်မအမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ဘောင်သွင်းဓာတ်ပုံတစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သမိုင်းကြောင်း စာအုပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်မော်မော်သန်း၊ နာယကအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ဥက္ကဋ္ဌ ဒေါ်နုနုဆွေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ရည်ရွယ်ချက် (၇)ရပ်ကို ဦးထိပ်ထားပြီး အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကြီးက ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ် (၉)ရပ်အပေါ် မူတည်ပြီး လုပ်ငန်းဆောင်ရွက်မှုများ၏ အားနည်းချက်၊ အားသာချက်၊ တွေ့ကြုံရသည့် အခက်အခဲ၊ လုပ်နိုင်သည့် အခြေအနေများပေါ် မူတည်ပြီး ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်၏ ၁၄ ခရိုင်မှ၊ ရပ်ကွက်၊ ကျေးရွာ ၁၃၀၄ ခုအတွင်းရှိ ညီအစ်မများနှင့်အတူ လက်တွဲ၍ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည့် အခြေအနေများကို ပြောကြားသည်။

ထို့နောက် ၁၄ ခရိုင်မှ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက ခရိုင်များ၏ တင်ပြချက်များအပေါ် သုံးသပ်ပြောကြားသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု

**နေပြည်တော် အောက်တိုဘာ ၂၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင် များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာမည်။

မိုး/ဇလ





# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၆) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

သင်တန်း ဖွင့်ပွဲများတွင် သင်တန်းကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများက အဖွင့်အမှာစကားများပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၆) ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့ သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၆)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ကြားသိရပါသည်-

ကျွန်တော်ဟိုအရင် အပတ်စဉ်တွေကတည်းက ပါချင်နေခဲ့တာပါ။ ဒါပေမယ့် ကိုယ်ကျတဲ့ အပတ်စဉ် (၆) မှာ ကျတော့လည်း အပတ်စဉ် (၆) မှာ ကျွန်တော် တက်တာပါဗျ။ မိဘတွေကတော့ ဂုဏ်ယူပါတယ်ဗျ။ ကျွန်တော် ဒီသင်တန်းကို ရောက်လာတာကတော့ အရင်က တစ်ယောက်တည်းပါ။ ဒီသင်တန်းမှာတော့ သူငယ်ချင်းပေါင်း အယောက် ၂၀၀ ကျော်လောက်ထိရခဲ့ပါတယ်။ အခု ကျွန်တော်တို့ ကျသင့်တဲ့ တာဝန်ကို ကျွန်တော်တို့ထမ်းဆောင်သွားမှာပါ။ ကိုယ့်မိသားစုအတွက် မဟုတ်ပါဘူး။ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်သွားမှာပါ။





ကျွန်တော်ပြည်သူ့စစ်မှုထမ်း လာရောက် တတ်ရောက်ရတာ ကျွန်တော် ပျော်လည်း ပျော်ပါတယ်ဗျ။ ကျွန်တော်ဒီထဲကို ရောက်တာကလည်း ကျွန်တော့်ရဲ့ အပေါင်းအသင်းတွေနဲ့လည်း၊ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေနဲ့လည်း တွေ့ရတဲ့အတွက်လည်း အလွန်ကို ဝမ်းသာပါတယ်ဗျ။ ဒီသင်တန်းက သင်ကြားပေးမယ့် စစ်နည်းစနစ်တွေကိုလည်း ကျွန်တော် ဆုတွေ ရအောင်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သင်တန်းဆင်းသွားမယ့် အချိန်မှာလည်း ကျတဲ့နေရာမှာ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**သတင်းစဉ်**



## မိုင်းရှူးမြို့နယ် နမ့်ဖတ်ကျေးရွာ၌ VDPစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းရှူး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် နားစံကျေးရွာအုပ်စု နမ့်ဖတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းကတာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ နမ့်ဖတ်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ တတိယပတ်မှ စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် အဆိုပါ ကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃ ဦး တွေ့ရှိ

**(၂၁-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၃-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁၀-၂၀၂၄) ရက် နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နေပြည်တော်ကောင်စီဉက္ကဋ္ဌ ဆင်အုံကန်မှတစ်ဆင့် တိုးချဲ့ရေပေးဝေရေး စီမံကိန်းဆောင်ရွက်မည့်အခြေအနေကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၁**
နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် ချောင်းမငယ်ဆည်ရေအား ဆင်အုံကန်မှတစ်ဆင့် တိုးချဲ့ရေပေးဝေရေး စီမံကိန်းဆောင်ရွက်မည့် အခြေအနေအား သွားရောက်စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ချောင်းမငယ်ဆည်ရေကို ဆင်အုံကန်မှတစ်ဆင့် ရယူသုံးစွဲရာ၌ ဆင်အုံကန်တွင် ပွန်တွန်းများထားရှိပြီး ရေတွန်းပန့်များ တပ်ဆင်ကာ ခနသိဒ္ဓိ ရေပေးရေးဝင်းသို့ ပို့ဆောင်သန့်စင်ပြီး တစ်ရက်လျှင် ရေဂါလန်ခြောက်သန်း တိုးချဲ့ပေးဝေနိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ရေပေးဝေရာတွင် အကျိုးရှိစေရေး သုံးစွဲနိုင်မည့် လူဦးရေစာရင်းအား စနစ်တကျတွက်ချက်ဆောင်ရွက်ရန်၊ လက်ရှိပေးဝေနေသည့် နေရာများတွင် ရေပြတ်လပ်မှု မရှိစေရေးနှင့်ရေပိုက်များ ပေါက်၍ လေလွင့်ဆုံးရှုံးမှုများ မရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ရခိုင်လူမှုရေးအသင်းများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၁**
တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရခိုင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းနှင့် ရခိုင်လူမှုရေး အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။(ယာပုံ)



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အသင်းအဖွဲ့များအနေဖြင့် အသင်းများ၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်များ လုပ်ကိုင်ရာ ဆောင်ရွက်ရာတွင် ဥပဒေဘောင်အတွင်း၌ ဆောင်ရွက်နိုင်ရန် အတွက် အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဥပဒေနှင့်အညီ မိမိတို့၏ အသင်းအဖွဲ့ကို တိုင်းဒေသကြီးအဆင့်ထိ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ထားကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက အသင်းအဖွဲ့ မှတ်ပုံတင်ရေးဥပဒေအရ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်နေမှုများနှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် တာဝန်ရှိသူများက လိုအပ်ချက်နှင့်ကူညီဆောင်ရွက်ပေးရမည့် အချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ (ရန်ကုန်) ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ စီမံကိန်းပါ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် မိမိတို့နိုင်ငံအပေါ် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ထားရှိကာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ဈေးနှုန်း နှိုင်းယှဉ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်း(၇)မျိုးနှင့် တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့သော လုပ်ငန်း(၆)မျိုး ၏ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာန ကိုယ်စား ပြဲဘောလုံး (အမျိုးသား)အသင်းနှင့် ဖူဆယ် (အမျိုးသား) အသင်းတို့၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန် - ပုသိမ် - ညောင်ဦး- မန္တလေး ခရီးစဉ် အပတ်စဉ်ပျံသန်းပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၂၁**
မြန်မာအမျိုးသား လေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်အသစ်ဖြစ်သော ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်များကို အပတ်စဉ် တနင်္ဂနွေနေ့နှင့် မန္တလေး - ညောင်ဦး - ပုသိမ် - ရန်ကုန် ခရီးစဉ်များကို အပတ်စဉ် တနင်္လာနေ့တွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်ကို တနင်္ဂနွေနေ့တွင် ရန်ကုန်မှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာပြီး ပုသိမ်သို့ နံနက် ၇ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး ညောင်ဦးသို့ ၉ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ ၉ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ ၁၀ နာရီတွင်လည်းကောင်း၊ တနင်္လာနေ့တွင် မန္တလေး - ညောင်ဦး - ပုသိမ် - ရန်ကုန် ခရီးစဉ်များကို မန္တလေးမှ မွန်းလွဲ ၃ နာရီတွင် ထွက်ခွာပြီး ညောင်ဦးသို့ ညနေ ၃ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး ပုသိမ်သို့ ညနေ ၅ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ ၅ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၆ နာရီခွဲတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

ယင်းခရီးစဉ်အတွက် သတ်မှတ်ထားသော ဈေးနှုန်းမှာ ရန်ကုန်မှ ပုသိမ်သို့ ငွေကျပ် ၁၆၀၀၀၀၊ ပုသိမ်မှ ညောင်ဦးသို့ ငွေကျပ် ၂၈၀၀၀၀၊ မန္တလေးမှ ညောင်ဦးသို့ ငွေကျပ် ၂၀၀၀၀၀၊ ရန်ကုန်မှ ညောင်ဦးသို့ ငွေကျပ် ၂၉၀၀၀၀ သတ်မှတ်ထားပြီး ATR 72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဇလွန်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ဇလွန် အောက်တိုဘာ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် အမှတ်စဉ် (၁/၂၀၂၄) လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အမှတ် (၄၉) စက်မှုလယ်ယာစခန်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးငြိမ်းသောင်းက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းမှ စာတွေ့လက်တွေ့ သင်ကြားမှုများကို သင်ယူပြီး လယ်ယာသုံး စက်ကိရိယာများကို စနစ်တကျ ကိုယ်တိုင်မောင်းနှင် ပြင်ဆင်လာနိုင်ခြင်းဖြင့် စက်ပျက်စီးမှုနည်းပါလာခြင်း၊ မိမိတတ်မြောက်ထားသော ပညာဖြင့် ပြန်လည်သင်ကြားပို့ချခြင်းဖြင့် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ပိုင်ထူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် သင်ကြားမည့်ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# နိုင်ငံသားတစ်ဦးတစ်ယောက်၏ စိတ်ဓာတ် စည်းကမ်း ပညာ

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

၂၁ ရာစုခေတ်မှာ နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဟာ အရေးကြီးဆုံးကဏ္ဍဖြစ်တယ်လို့ ဘာကြောင့်ပြောသလဲဆိုရင် ပညာရေးက ဆောင်ကြဉ်းပေးနိုင်တာ နှစ်ခုရှိပါတယ်။

(၁) နိုင်ငံရဲ့စီးပွားရေး knowledge – based economy ကို မြင့်မားစေနိုင်ပါတယ်။

(၂) လူမှုဆက်ဆံရေးတွေကို ညီညွတ်မျှတစေပါတယ်။ လူမှုဘဝသဟဇာတဖြစ်မှုကို ပညာရေးက ဆောင်ကြဉ်းပေးနိုင်ပါတယ်။

**“ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့”** ဆိုသဖြင့်... နိုင်ငံနဲ့ လူမျိုးရှင်သန်ကြီးထွားနိုင်ဖို့ ပညာရေးဟာ ဝိညာဉ်ဖြစ်လို့ ...၊ ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့... စသဖြင့် အကြောင်းတရားတွေကြောင့် ကလေး၊ လူငယ်၊ လူကြီးတို့ဟာ ပညာသင်ကြားကြပါတယ်။ မိမိတို့ရဲ့ စိတ်ချမ်းမြေ့ဖွယ် အနာဂတ်ကို တည်ဆောက်လိုတဲ့အတွက် သင်ဆရာမြင်ဆရာကြားဆရာများထံမှ နေ့စဉ်လိုလို သင်ယူကြပါတယ်။

လူ့စွမ်းအားအရင်းအမြစ်ဆိုတာ မိဘနှစ်ပါးနဲ့ ဆက်သွယ်ပြောဆို သိနားလည်နိုင်တဲ့ ကလေးဘဝက စတင်ပါတယ်။ အရွယ်အားဖြင့် ငါးနှစ်၊ ငါးနှစ်မတိုင်မီ ကလေးတို့ဟာ ပုံပြင်တွေ၊ သာယာနာပျော်ဖွယ် တေးသီချင်းတွေကို ကြိုက်နှစ်သက်တတ်ကြပါတယ်။ ပန်းချီကားချပ်ပါတဲ့ ပုံပြင်စာအုပ်လေးတွေကို ပြရင်းဖတ်ပြရင်းနဲ့ ကလေးကို ကနဦးသူ့မိဘနှစ်ပါးက သင်ပေးပါတယ်။ ကလေးငယ်ဘဝမှာ မိသားစုက တာဝန်ယူတာ ဖြစ်ပါတယ်။ မိသားစုတစ်ခုချင်းမှာတောင် အတွေ့အကြုံ၊ အမြော်အမြင်၊ ခံယူချက်နဲ့ ဆန္ဒတွေဟာ မတူညီ မပြည့်စုံနိုင်တဲ့အတွက် ကျောင်းသင်ပညာရေးစနစ်ထံ မိဘများက အပ်နှံတာဖြစ်ပါတယ်။

### ကျောင်းသင်ပညာရေး

ကျောင်းသင်ပညာရေးစနစ်က လူငယ်တစ်ယောက်အတွက် ပြောရရင် လူ့အသိုင်းအဝိုင်းထဲမှာ ထိုလူငယ်ရဲ့ လူမှုဆက်ဆံပေါင်းသင်းရေးအတွက် ဘယ်လိုစိတ်ဓာတ်နဲ့ ဘယ်လိုတန်ဖိုးတွေထားရမယ်ဆိုတဲ့ စာရိတ္တပိုင်း၊ လူမှုရေး၊ လူမှုဆက်ဆံရေး အပိုင်းတွေကို ကျောင်းက တာဝန်ယူတာ ဖြစ်ပါတယ်။ ကျောင်းဟာ သူ့ကို အရွယ်နဲ့ကိုက်ညီတဲ့ သင်ခန်းစာတွေသင်ရင်း၊ စာရိတ္တဖွံ့ဖြိုးအောင် ဆရာများက တဖြည်းဖြည်းချင်း သင်ကြားပေးတဲ့ သဘောဖြစ်ပါတယ်။

တောအရပ်ဒေသမှာတော့ ဘုန်းကြီးကျောင်းမှာ ဘုရားရှိခိုးတဲ့ကိစ္စနဲ့စပြီး မူလတန်းကျောင်းကိုတက်၊ စာဖတ်တတ်ဖို့၊ အပေါင်းအနုတ် ဂဏန်းသင်္ချာနဲ့ ထိတွေ့ရပါတော့တယ်။ အဲဒီအဆင့်မှာ ကလေးတို့ဟာ ကျောင်းပညာကို လန့်မသွားဖို့၊ **“ကကြီး ခခွေး၊ တစ်နှစ်သုံးလေး”** ဆိုတဲ့ စာလန့်မသွားဖို့ ဆရာဆိုတဲ့ ဥယျာဉ်မှူးတွေရဲ့ကဏ္ဍဟာ လွန်စွာမှ အရေးကြီးလာပါတော့တယ်။ ငါးနှစ်အရွယ် လူမမယ် ကလေးဆိုတဲ့ မျိုးစေ့ဟာ ရေမြေခံကောင်းတဲ့ ကျောင်းဆိုသော မြေဆီလွှာမှာ ဥယျာဉ်မှူးကြောင့် အညှောင့်လေးတွေထွက် အရွက်ငယ်လေးတွေပါတဲ့ အပင်ငယ်လေးတွေဟာ ပေါက်လာပါတော့တယ်။

### သင်ဆရာ မြင်ဆရာ

ကိုယ့်ပတ်ဝန်းကျင်မှ သဘာဝတရားကြီးဟာ သင်ဆရာ၊ မြင်ဆရာတွေပဲလို့ ရှေးရှုလိုက်ရင် ပညာဆိုတာ ယူလို့မဆုံးဖြစ်ပါလိမ့်မယ်။ မိဘနဲ့ ဆရာအပေါင်းက မကောင်းမှုကို သိဖို့ မှားနေတာတွေ ရှောင်ရှားနိုင်ဖို့ ထိန်းကျောင်းပေးရုံသာ လိုအပ်ပါတယ်။ သားသမီးနဲ့ တပည့်အပေါင်းရဲ့ လောကကို သွားရင်း၊ လာရင်း၊ ချက်ပြုတ်ရင်း၊ ဈေးဝယ်ရင်း၊ ဘုရားကျောင်း၊ ကျောင်းကန်ဘုရားသွားရင်း သူတို့ရဲ့လောကကို အလှဆင်ပေးကြရမယ်။

**သောကနဲ့လောဘကို ပညာနဲ့ဖြေပေးရမယ်။ ငွေကြေးပစ္စည်းနဲ့ ဖြေပေးခြင်းဟာ တခဏပဲမှန်မယ်။ ကောင်းတဲ့ပုံပြင်လေးတွေနဲ့ စာအုပ်လေးတွေနဲ့ ငယ်စဉ်ကတည်းက လုပ်ပေးရမယ်။ မိဘတို့အိမ်ဟာကြီးသည်၊ ငယ်သည်မဟုတ် ကလေးတွေအတွက် စာအုပ်စင်၊ စာကြည့်ခန်းထားပေးရမယ်။ ဗြဟ္မစိုရ်တရားထွန်းကားအောင် ဘာသာရေးစာအုပ်တွေလည်းဖတ်စေရမယ်။ လက်ကိုင်ဖုန်းက အရန်အတားပဲဖြစ်ရမယ်။ ဂိမ်းကစားဖို့ဆိုရင် ကလေးရဲ့ တန်ဖိုးရှိတဲ့အချိန်တွေဟာ ဆုံးရှုံးသွားပါပြီ။ ဒီအလေ့အကျင့်မဖျောက်နိုင်ရင် နောင်ကြီးလာလို့ လောင်းကစားဘက်လိုက်သွားရင် စီးပွားပျက်ဖို့များပါတယ်။**

> **“သောကနဲ့လောဘကို ပညာနဲ့ဖြေပေးရမယ်။ ငွေကြေးပစ္စည်းနဲ့ ဖြေပေးခြင်းဟာ တခဏပဲမှန်မယ်။ ကောင်းတဲ့ ပုံပြင်လေးတွေနဲ့ စာအုပ်လေးတွေနဲ့ ငယ်စဉ်ကတည်းက လုပ်ပေးရမယ်။ မိဘတို့အိမ်ဟာ ကြီးသည်၊ ငယ်သည်မဟုတ် ကလေးတွေအတွက် စာအုပ်စင်၊ စာကြည့်ခန်းထားပေးရမယ်။ ဗြဟ္မစိုရ်တရားထွန်းကားအောင် ဘာသာရေးစာအုပ်တွေလည်း ဖတ်စေရမယ်။ လက်ကိုင်ဖုန်းက အရန်အတားပဲဖြစ်ရမယ်။ ဂိမ်းကစားဖို့ဆိုရင် ကလေးရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေဟာ ဆုံးရှုံးသွားပါပြီ။ ဒီအလေ့အကျင့်မဖျောက်နိုင်ရင် နောင်ကြီးလာလို့ လောင်းကစားဘက်လိုက်သွားရင် စီးပွားပျက်ဖို့များပါတယ်”**

ပတ်ဝန်းကျင်က အလှအပတွေကိုမြင်အောင် မိဘတွေက ဦးဆောင်လိုက်ပါ။ မိမိတို့ဟာ ဘယ်အရပ်၊ ဘယ်ဒေသမှာနေနေ အလှအပတွေရှိနေတာမို့ မြင်တတ်အောင် မြင်အောင်ကြည့်တတ်ရင် စိတ်ချမ်းသာဖို့ချည်းပဲ။ ဝါသနာပါရင် တေးသီချင်းတွေကိုလည်း နားထောင်ပါ။ ပန်းချီဆွဲဝါသနာပါရင်လည်း စလိုက်။ အားကစားလည်း လိုက်စား။ သူငယ်ချင်းအပေါင်းအသင်းတွေဆီ အလည်သွားလိုက်။ ခင်မင်တဲ့စိတ်နဲ့သွား၊ ကြွားဝါလိုတဲ့စိတ်၊ ယှဉ်ပြိုင်အနိုင်လိုချင်တဲ့စိတ်နဲ့ အလည်မသွားပါနဲ့။ ကူညီရိုင်းပင်းချင်တဲ့စိတ်နဲ့သွားပါ။ ပျော်ပျော်ရွှင်ရွှင်နေပါ၊ မိဘတွေဟာ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ သူတို့ရဲ့သားသမီးတွေမှာ အားနည်းချက်တွေရှိနေနိုင်တာမို့ ကလေးအချင်းချင်း ကြင်နာစိတ်နဲ့ဆက်ဆံဖို့၊ ကျောင်းသွားဖော်ဖြစ်ဖို့၊ ကြီးလာရင် မိတ်ဆွေဖြစ်ဖို့ မိဘဘိုးဘွားတွေက လမ်းပြပေးရမယ်၊ လောကမှာ အမြော်အမြင်သတိနဲ့ သွားလာလှုပ်ရှား ရှေ့ရေးကိုတွေးပြီး လုပ်ကြရပါလိမ့်မယ်။

ဆယ်ကျော်သက်အရွယ်ကစပြီး လူမှုဆက်ဆံရေးတွေ၊ နိုင်ငံတော်ဆိုတဲ့အသိတွေ၊ နိုင်ငံသားကောင်းတစ်ယောက်နဲ့ စည်းကမ်းတွေကို ဖောင်းပေးပြီး သင်ပေးတာဟာလည်း ကျောင်းပဲ၊ စိတ်ဓာတ်ရေးရာပြုပြင်ပေးတဲ့နေရာဟာ ကျောင်းပဲ၊ ကျွမ်းကျင်မှု ရအောင်ပေးတဲ့နေရာဟာ ကျောင်းပဲ၊ အသိဉာဏ်ကို မြှင့်တင်ပေးတဲ့နေရာဟာလည်း ကျောင်းပဲ။ ဗြဟ္မစိုရ်တရား (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာပွားများတတ်အောင်) ထွန်းကားအောင် စည်းကမ်းနဲ့ နေတတ်၊ ထိုင်တတ်၊ ပြောတတ်အောင် လူ့ဘဝနဲ့ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးရတာလည်းကျောင်းပဲ။ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်တို့ဟာ လူငယ်တွေကို ပညာရပ်တွေ၊ လူမှုဆက်ဆံရေးတွေ၊ နိုင်ငံတော်ဆိုတဲ့အသိတွေ၊ နိုင်ငံသားတစ်ယောက်ရဲ့ စည်းကမ်းတွေကိုထပ်ပြီး သင်ပေးတဲ့ အဖွဲ့အစည်းတွေ (Institution) ပါပဲ။

အခြေခံပညာအနေဖြင့် KG + 9 ပြီးအောင် စာသင်ကြားကြရလိမ့်မယ်။ လူလားမြောက်ဖို့ လိုအပ်ချက်ကြီးပဲ၊ ဘယ်ဒေသမဆို ကလေးသူငယ်တွေ၊ မိဘတွေနဲ့ ဆရာ ဆရာမတို့ရဲ့ အားထုတ်မှုကြောင့် နိုင်ငံသားတစ်ဦးရဲ့ အခြေခံကျကျ အရည်အသွေးတစ်ခုကို ရရှိသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းတက်ရေးနဲ့ အနည်းဆုံးအလယ်တန်းအဆင့် (KG+9) ပြီးမြောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ တက်ညီလက်ညီ ဆောင်ရွက်ခြင်းဖြင့် ပညာရေးအခြေခံအုတ်မြစ်ဟာ ပြည်သူလူထုအတွင်း တောင့်တင်းခိုင်မာလာမှာဖြစ်ပါတယ်။ နိုင်ငံသားတစ်ယောက်ဟာ ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး လက်ဦးဆရာ ပုဗ္ဗာစရိယ မိနဲ့ဖထံက ရယူကြရပြီး KG, Kg+9, Kg+10 Kg+11 Kg+12 အထိ သင်ယူနိုင်ပြီဆိုရင် လက်ခမောင်းခတ်နိုင်ပါတယ်။

တက္ကသိုလ်၊ ကောလိပ်တစ်ခုခုက ဘွဲ့ရပြီးလည်း ဘဝတစ်လျှောက်လုံး သင်ယူနေမှ ခလုတ်မထိ ဆူးမငြိမယ်။ ဗလငါးတန်ပြည့်စုံနေမယ်။ ကြီးမားတဲ့ယှဉ်ပြိုင်မှုကြီးထဲမှာ ရပ်တည်နိုင်ရုံမက အရည်အသွေးမီဘဝကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံသားကောင်းဖြစ်လာမယ့် ကလေးသူငယ်တွေဟာ ဆရာ ဆရာမကြီးတို့ရဲ့ ကျောင်းမှာပဲ ရှိပါတယ်။

**သူတို့ရဲ့အရည်အသွေးမြင့်မားဖို့ ယုံကြည်ချက်၊ ခံယူချက်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှိလာဖို့ ဆရာ ဆရာမကြီးတို့ရဲ့လက်ထဲမှာ ရှိပါတယ်။ တစ်ဦးချင်းရဲ့ အရည်အသွေးဟာ နိုင်ငံရဲ့ စည်းလုံးညီညွတ်မှုကို အထောက်အကူပေးမှာပါပဲ။ ကျောင်းက ဆရာ ဆရာမတွေ မွေးထုတ်လိုက်တဲ့ ကလေးတွေဟာ ရင့်ကျက်တဲ့ နိုင်ငံ့သားကောင်းတွေ၊ တွေးခေါ်မြော်မြင်တတ်တဲ့ သူတွေ၊ ဒုစရိုက်ကင်းတဲ့သူတွေ၊ နိုင်ငံသား တွေဖြစ်သွားခြင်းအားဖြင့် ဒေသရဲ့ငြိမ်းချမ်းရေးကို အထောက်အကူပြုအားပေးရာရောက်တယ်။**

ပညာဆိုတာ ရှေ့မှာရှိမယ့် ကောင်းကျိုး၊ ဆိုးကျိုးကို မြင်နိုင်တယ်။ ထွင်းဖောက်မြင်နိုင်တယ်။ အသက်မွေးဝမ်းကျောင်းမှုတွေကို သူကိုယ်တိုင်ရှာဖွေနိုင်စွမ်းတွေရှိလာတယ်။ မြင့်မားတဲ့ကျွမ်းကျင်မှုတွေနဲ့ ကုန်ထုတ်လုပ်ငန်းတွေ စိုက်ပျိုးရေးနယ်ပယ်တွေမှာ တိုးတက်လာနိုင်တယ်။ နိုင်ငံတစ်ခုကို ဗိုလ်လုံခြုံအောင် ပညာရေးက ဆောင်ကြဉ်းပေးနိုင်တယ်ဆိုတာ ဒါပါပဲ။ အလွန်ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းကို လုပ်ရမှာဖြစ်လို့ ဂုဏ်ယူစရာဖြစ်ပါတယ်။

ကလေးတွေက ပြဋ္ဌာန်းစာအုပ်ထဲက စာလောက်ကို တတ်သွားဖို့ လေ့ကျင့်ပေးဖို့မဟုတ်။ ကျောင်းတွေမှာ သင်ကြားပေးတဲ့ ဘာသာရပ်စုံမှ ဗဟုသုတ အသိ (Knowledge)၊ သင်ခန်းစာ(lesson) တွေကို ကလေးတွေရဲ့ ဦးနှောက်ထဲ မချိမဆံ့ ထည့်သွင်းဖို့မဟုတ်၊ ကိုယ်တိုင်လိုချင်စိတ်နဲ့ သင်ယူကြမှဖြစ်တယ်။ ပတ်ဝန်းကျင်က စိတ်ဝင်စားစရာတွေနဲ့ အံ့ဖွယ်တွေကို သိလိုစိတ်၊ စူးစမ်းလိုစိတ်၊ ပြဿနာအခက်အခဲတွေကို ကိုယ်တိုင်ဖြေရှင်းလိုစိတ်၊ ပညာလိုချင်တဲ့ စိတ်ရှိအောင် ဖန်တီးပေးရမယ်။ အဲဒီတော့ ဆရာ ဆရာမတွေရဲ့ တာဝန်ဟာမသေးပါဘူး။ ကိုယ်တာဝန်ထမ်းဆောင်ရတဲ့ဒေသဟာ ငယ်ချင်ငယ်မယ်။ လူရှိတဲ့နေရာတိုင်းဟာ အရေးကြီးတာကို ပညာရေးက ပိုနားလည်ရပါလိမ့်မယ်။ လူရှိရင် ပညာရေးအလုပ်ရှိတာပါပဲ။ ကျောင်းဆိုတဲ့ အဓိပ္ပာယ်ဟာ ပြဋ္ဌာန်းစာအုပ်ထဲကစာကို သင်ပြီးတော့ အမှတ်ကောင်းကောင်းနဲ့ ကျောင်းက အောင်သွားဖို့မဟုတ်၊ တက္ကသိုလ်သို့ တက်ဖို့ချည်းမဟုတ်၊ မြန်မာတို့အတွက် အထူးလိုအပ်နေတဲ့ နယ်ပယ်တွေမှာ တာဝန်ထမ်းဆောင်မယ့် လူ့စွမ်းအားဖြစ်ဖို့ အားထုတ်ကြရပါမယ်။

ပညာရေးပြက္ခဒိန်မှာ မေနဲ့ ဇွန်လအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ် ဇူလိုင်လမှာ ကျောင်းနဲ့ ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဩဂုတ်လမှာ ကျောင်းကျန်းမာရေး သီတင်းပတ်ရယ်လို့ ပညာရေးအစီအစဉ်တွေရေးဆွဲပြီး ဆရာ၊ ကျောင်းသားအပေါင်းဟာ တက်ကြွစွာလုပ်ဆောင်ကြခြင်းဖြင့် မြို့ရွာရဲ့ကျောင်းဟာ ဥပစာဖြစ်လာပါတော့တယ်။ စာသင်ကျောင်းတွေက အစပြုလိုက်တဲ့ လောကနီတိကျင့်ဝတ်တွေကသာ တစ်ဦးနဲ့တစ်ဦး တန်ဖိုးထားလေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းတွေကို မွေးထုတ်ပေးရာ ရောက်ပါတယ်။

### လေးစားခြင်းဆိုရာမှာ...

လေးစားခြင်း (Respect) ဆိုရာမှာ မိမိ၊ အခြားသူများ၊ သဘာဝပတ်ဝန်းကျင်နဲ့ လူ့အသိုင်းအဝိုင်းတို့ကို ဆိုလိုပါတယ်။

၁။ မိမိကိုယ်ကိုလေးစားခြင်းဆိုတာက–

- မကြာခဏ ကိုယ်စိတ်လေ့ကျင့်ခန်းလုပ်ရမယ်။
- ဒေါသကို ထိန်းနိုင်ရမယ်။
- အန္တရာယ်ဖြစ်စေနိုင်ခြေ ရှိသည်တို့ကို လျှော့ချနိုင်ရမယ်။
- အမှားမှသင်ခန်းစာယူသင်ယူရမယ်။
- အပေါင်းလက္ခဏာ အကောင်းမြင်ဝါဒ ရှိရမယ်။

*စာမျက်နှာ ၁၁ သို့*

## ကျောက်ဆည်မြို့နယ်၌ ကျေးလက်နေပြည်သူများအတွက် သင်တောင်းမြောင်းပေါင်လမ်းကို ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်နေတောင်သူများ စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းရေးနှင့် ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူရာတွင် လွယ်ကူစွာသယ်ယူနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေပေးဝေလျက်ရှိပြီး အဆိုပါ မြောင်းများနှင့် မြောင်းပေါင်များကို ပြန်လည်ပြုပြင်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသခံပြည်သူများ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ကဏ္ဍမျိုးစုံ အသုံးပြုနိုင်ရေး သင်တောင်းလက်တံ မြောင်းပေါင်လမ်းကို ပြန်လည်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ သင်တောင်းလက်တံမြောင်းသည် ထန်းဇင်တော်ကျေးရွာနှင့် အရှေ့ငယ်တိုးကျေးရွာအုပ်စု ဒေသခံပြည်သူများ အဓိကဖြတ်သန်းသွားလာနေသော မြောင်းပေါင်မြေသားလမ်းတစ်လမ်းဖြစ်ကြောင်း၊ လမ်းသည် နှစ်ကာလကြာမြင့်ပြီး အသွားအလာများသောကြောင့် ချိုင့်ခွက်များ ဖြစ်ပေါ်လျက်ရှိပြီး သွားလာရန် ဖြစ်ပေါ်လျက်ရှိသောကြောင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၇ ဒသမ ၅၀၀ အကုန်အကျခံပြီး အလျားပေ ၁၆၀၀၀၊ အကျယ် ၁၀ ပေ၊ ထု ခြောက်လက်မ ဂျင်းကျောက်လမ်း ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သင်တောင်း လက်တံမြောင်းပေါင် ပြန်လည်ပြုပြင်ပေးခြင်းကြောင့် အဆိုပါ မြောင်းပေါင်လမ်းကို အဓိက အသုံးပြုနေသည့် ထန်းဇင်တော်ကျေးရွာနှင့် အရှေ့ငယ်တိုးကျေးရွာမှ ပြည်သူများနှင့် အခြားဒေသမှ ပြည်သူများ၏ ဒေသထွက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ သယ်ယူရာတွင် ရာသီမရွေး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ပေါင်းတည်၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**ပေါင်းတည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ယနေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် အစိုးရဝန်ထမ်းအငြိမ်းစားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပြီး ယနေ့၌ မြို့နယ်ပြည်သူ့ဆေးရုံတွင် အငြိမ်းစားဝန်ထမ်းများအား လစဉ် ပုံမှန်ကျန်းမာရေး ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းချစ်နှင့် ဆရာဝန်များ၊ ကျန်းမာရေးမှူးများ၊ ဆရာ ဆရာမများက ကိုယ်အလေးချိန် ဆန်းစစ်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချို ဆန်းစစ်ခြင်း၊ ခံစားနေရသော ရောဂါဝေဒနာများကို မေးမြန်းစမ်းသပ်ခြင်းများ ပြုလုပ်ပေးကာ လိုအပ်သော ဆေးထိုးနှံမှုနှင့်ဆေးဝါးများပေးကာ ကျန်းမာရေး စောင့်ရှောက်ကုသပေးလျက်ရှိကြပြီး လိုအပ်သော အပေါ့စားကျန်းမာရေး ကိုယ်လက်လေ့ကျင့်ခန်းများကိုလည်း အဖွဲ့လိုက်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**



## တွံတေးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေးမွမ်းမံ သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူးရုံးမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ပြုလုပ်သည်။




သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ယခုသင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းမှ စာတွေ့နှင့် လက်တွေ့ပညာရပ်ကို နိုဝင်ဘာ ၁၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် မိမိတို့၏ရပ်ကွက်နှင့်ကျေးရွာများတွင် မကြာခဏ ကြုံတွေ့ရသော မီးဘေးအန္တရာယ်နှင့် မုန်တိုင်းဘေး၊ ရေဘေး၊ ငလျင်ဘေးများ ဖြစ်ပေါ်လာပါက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် မီးငြိမ်းသတ်ရေး ပညာရပ်များ၊ လက်နက်မဲ့ အခြေခံစစ်ရေးပြသင်တန်း၊ အသက်ကယ်ဆယ်ရေး ပညာရပ်များ၊ လတ်တလော မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ယခုသင်တန်းအား မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာတို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသို့ တက်ရောက်လာသည့် သင်တန်းသား ၅၀ အတွက် ဝတ်စုံ ၅၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌက ထောက်ပံ့ပေးအပ်ရာ အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး စိုးလှိုင်က လက်ခံခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တွံတေးသား**

## ကျိုက်ထိုမြို့နယ်၌ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများနှင့် ပြည်သူများအတွက် မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်း

**ကျိုက်ထို အောက်တိုဘာ ၂၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့် ပြည်သူများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်း ဖတ်ရှုနိုင်ပြီး အသိပညာ ဗဟုသုတများ တိုးပွားစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် သ/မ ဦးစီးဌာန၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မိုဘိုင်းစာကြည့်တိုက် ဆောင်ရွက်ရာ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျိုက်ထိုမြို့နယ်ရှိ ဌာနဆိုင်ရာ ရုံးများနှင့် ရပ်ကွက်များသို့သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ ရပ်ကွက်များရှိ ပြည်သူများအား သုတ၊ ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များ သိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်မားရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် စာကြည့်တိုက်သို့ လာရောက်နိုင်ခြင်းမရှိသော ပြည်သူများအတွက် မိုဘိုင်းစနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစုံ ဧက သုံးသောင်းကျော် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးသီးနှံစုံ ဧက သုံးသောင်းကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်သီးနှံ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေစားသုံးသီးနှံများ စသည့် မိုးသီးနှံစုံစိုက်ဧက ၁၂၈၆၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ ဒေသခံတောင်သူများက ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့သော မိုးသီးနှံများကို ဇူလိုင်လကုန်ပိုင်းမှစတင်၍ သိမ်းဆည်းရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ မိုးသီးနှံစုံ ဧက ၃၅၄၇၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

*စာမျက်နှာ ၁၀ မှ*

- စည်းကမ်းဥပဒေကို လေးစားလိုက်နာရပါမယ်။
- ရိုးသားရပါမယ်။

၂။ အခြားသူကိုလေးစားရမယ်ဆိုတာက-
- ကိုယ်နှုတ် ယဉ်ကျေးသိမ်မွေ့ရမယ်။
- အကူအညီပေးနိုင်သမျှ ပေးရမယ်။
- အများအကျိုးသယ်ပိုးကြရမယ်။
- မျှဝေတတ်ရမယ်။
- လိုအပ်သူတို့ကို ကူညီထောက်ပံ့ရတယ်။
- ချီးမွမ်းထောမနာပြုရမယ်။ သည်းခံနိုင်စွမ်းရှိရမယ်။

၃။ သဘာဝပတ်ဝန်းကျင်ကို လေးစားခြင်းဆိုတာက-
- မိမိရဲ့ အိမ်ရာအဝန်းအဝိုင်းမှာ သန့်ရှင်းမှုရှိစေရမယ်။
- တစ်ကျော့ပြန်သုံး၊ ပြန်သုံး လျှော့သုံး ပြုလုပ်နိုင်ရမယ်။
- လျှပ်စစ်နဲ့ ရေကိုချွေတာသုံးစွဲရမယ်။
- ရုက္ခသတ္တ လောကကို ညှဉ်းဆဲမှုမပြု စောင့်ရှောက်ရမယ်။

၄။ လူ့အသိုင်းအဝိုင်းကို လေးစားရမယ်ဆိုတာက-
- ကိုယ်နှုတ်အမူအရာကောင်းရပါမယ်။
- တာဝန်ရှိသူတို့ကို လေးစားရပါမယ်။
- အသင်းအဖွဲ့ပုံစံလုပ်ရမယ်။
- ကြင်နာမှုပြ၊ ကြင်နာမှု ပြုရမယ်။
- အသုံးတည့်၊ အကျိုးပြုသူဖြစ်ရပါမယ်။
- ကာကွယ်စောင့်ရှောက်သူဖြစ်ရပါမယ်။

ဒီအစီအစဉ်တွေ လုပ်ပေးနိုင်တာဟာလည်း ကျောင်းပဲ။ ကောင်းသော ကလေးသူငယ်တွေ မွေးထုတ်ပေးရင် နိုင်ငံဟာငြိမ်းချမ်းမယ်။ ဖွံ့ဖြိုးတိုးတက်တယ်။ ဘက်ပေါင်းစုံကြွယ်ဝတဲ့ အဆင့်အတန်းရှိတဲ့ကလေးလူငယ်တွေဖြစ်အောင် ကြိုးစားပေးရမှာပါပဲ။ ဆရာ ဆရာမတွေ ပညာရေး တာဝန်ထမ်းဆောင်စဉ် ဆရာရဲ့ ဂုဏ်အင်္ဂါနဲ့နေပါ၊ ဆရာဟာဘယ်လိုတွေးခေါ်ရမယ်၊ မိမိရပ်တည်ချက်က ဘယ်မှာရှိတယ်၊ အနေအထိုင်အမူအရာ အပြောအဆိုကအစ ဆရာနဲ့ကိုက်ညီအောင် ဆရာတွေမှာရှိရမယ့် အရည်အချင်းတွေနဲ့ ကလေးတွေရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို ကောင်းသည်ထက်ကောင်းအောင် မြင့်သည်ထက်မြင့်အောင် ဆောင်ကြဉ်းပေးနိုင်ဖို့လိုပါတယ်။ သူတို့ကို အဲဒီလိုမြှင့်တင်ပေးနိုင်ပြီဆိုရင် အနာဂတ်မြန်မာနိုင်ငံရဲ့ သွေးစည်းညီညွတ်မှု စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မှု အားလုံးကို ရရှိသွားပါမယ်။

*(ဆက်လက်ဖော်ပြပါမည်)*



## ရှမ်းပြည်နယ်ဝန်ကြီးချုပ် အလွတ်တန်းဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်ချီးမြှင့်

**တောင်ကြီး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နှင့် ရှမ်းပြည်နယ်စားပွဲတင်တင်းနစ်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် အလွတ်တန်းဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီက ရှမ်းပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

**တက်ရောက်အားပေးကြည့်ရှု**

အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစား ဝါသနာရှင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗိုလ်လုပွဲ အဖြစ် ဗထူးစားပွဲတင်တင်းနစ်ကလပ် (၁) အသင်းနှင့်ဗထူးစားပွဲတင်တင်းနစ်ကလပ်(၃)အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်က ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ပူးတွဲတတိယရရှိသည့် တောင်ကြီး (၁) အသင်းကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက တောင်ကြီး (၃) အသင်းကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က ဒုတိယဆုရရှိသည့် ဗထူး စားပွဲတင်တင်းနစ်ကလပ်(၃) အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုနှင့် တံခွန်စိုက် ဆုဖလားရရှိသည့် ဗထူးစားပွဲတင်တင်းနစ်ကလပ် (၁) အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး(**အပေါ်ပုံ**) အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ပြုလုပ်ပြီး အသင်းပေါင်း ၂၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေး ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊
- ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံး ပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှု နှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊
- ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာ ပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊
- ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊
- ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် ဂါဇာအပစ်အခတ်ရပ်စဲရေး တွန်းအားပေးရန် အစ္စရေးသို့ သွားရောက်မည်



**နယူးယောက် အောက်တိုဘာ ၂၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ဂါဇာ၌ စစ်ပွဲများ အဆုံးသတ်ရေး ဆွေးနွေးရန် အစ္စရေးနှင့် အခြားအရှေ့အလယ်ပိုင်း နိုင်ငံများသို့ သွားရောက်မည် ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက ပြောကြားသည်။

ဘလင်ကန်သည် ဟားမားစ် ခေါင်းဆောင် ယာ့ယာစင်ဝါ သေဆုံးမှုဖြစ်ပွားပြီးနောက် ၎င်း၏ ခရီးစဉ်ကို သွားရောက်ရန် ဆုံးဖြတ်ခဲ့ပြီး အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ သွားရောက်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။၎င်းသည် အစ္စလာမ့်စ် စစ်သွေးကြွအုပ်စု ဟားမားစ်က ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့် ဂါဇာ၌ ပဋိပက္ခများ အဆုံးသတ်ရေး အစီအစဉ်များဆွေးနွေး သွားရန် မျှော်လင့်ထားသည်။ ဘလင်ကန်သည် လက်ဘနွန်ရှိ အခြေအနေများကို သံတမန်နည်း အရဖြေရှင်းသင့်သည့် အမေရိကန်၏ သဘောထားကို သိရှိစေရန် စီစဉ်လျက်ရှိသည်။

အမေရိကန်နိုင်ငံက အပစ်အခတ်ရပ်စဲရေး အပါအဝင် အစ္စရေးနှင့် ဟားမားစ်တို့အကြား ဖြစ်ပွားနေသည့် ပဋိပက္ခများ အဆုံးသတ်ရေး တွန်းအားပေးရန် မျှော်လင့်ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့သည် ဟားမားစ် ခေါင်းဆောင် စင်ဝါသေဆုံးပြီးနောက်တွင်ပင် အထူးသဖြင့် မြောက်ပိုင်း၌ လေကြောင်း တိုက်ခိုက်မှုများပြုလုပ်ပြီး ဂါဇာ တစ်ဝန်း ထိုးစစ်ဆင်မှုများ ဆက်လက်ပြုလုပ်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၄၇ ဦးနှင့် ရောဂါကူးစက်ဖြစ်ပွားသူ ၅၀၀၀၀ နီးပါးရှိ

**ဒါကာ အောက်တိုဘာ ၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အောက်တိုဘာလတွင် သွေးလွန်တုပ်ကွေးနှင့် ဆက်နွယ်သော သေဆုံးသူ ၈၄ ဦးရှိပြီး ယင်းမှာ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုအများဆုံးလဖြစ်ကြောင်း၊ အောက်တိုဘာ ၂၀ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ ၄၉၈၈၀ ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ အတည်ပြုလူနာ ၁၂၉၈ ဦးရှိသည့်အတွက် ယခုလတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၈၉၄၂ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားမှုဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်) က ပြောသည်။

ထို့အပြင် အောက်တိုဘာ ၂၀ ရက်တွင် နောက်ထပ်ခြောက်ဦး သေဆုံးကြောင်း ဒီဂျီအိတ်ချ်အက်စ်က အတည်ပြုခဲ့သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုနှစ်အတွင်း လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၇ ဦးအထိ ရှိလာပြီလည်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် သွေးလွန်တုပ်ကွေးနှင့် ဆက်နွယ်သော သေဆုံးသူအရေအတွက်မှာ ၁၇၀၅ ဦးရှိပြီး ယင်းမှာ နှစ်စဉ်သေဆုံးမှုအများဆုံးဖြစ်ကာ ယင်းရောဂါကြောင့် ၂၀၂၂ ခုနှစ်တွင် သေဆုံးသူ ၂၈၁ ဦးနှင့် ၂၀၁၉ ခုနှစ်တွင် ၁၇၉ ဦးသာရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံအလယ်ပိုင်း စံချိန်တင်မိုးရွာသွန်းပြီး တစ်လကြာသည်အထိ လူပေါင်း ၄၀၀ ကျော် ဘေးလွတ်ရာနေရာများတွင် ခိုလှုံနေရဆဲ

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်နိုင်ငံ အလယ်ပိုင်း နိုတိုဒေသတွင် စံချိန်တင် မိုးသည်းထန်စွာရွာသွန်းမှုသည် အောက်တိုဘာ ၂၁ ရက်တွင် တစ်လပြည့်ပြီဖြစ်သည်။ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဒဏ်ခံရသော ပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးတွင် ထောက်ပံ့ကူညီမှုများ လိုအပ်နေဆဲဖြစ်သည်။

စက်တင်ဘာ ၂၁ ရက်က စံချိန်တင် မိုးရွာသွန်းမှုကြောင့် လူပေါင်း ၁၄ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဒေသအာဏာပိုင်များသည် အဆက်အသွယ်ပြတ်တောက်နေသော အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။

ထိုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းမှုက နှစ်သစ်ကူးနေ့တွင် ငလျင်လှုပ်မှုမှ အသက်ရှင်လွတ်မြောက် ကျန်ရစ်သူအများအပြားကို နှစ်ဆတိုး၍ အခက်အခဲဖြစ်ပွားစေခဲ့သည်။ ဝါဂျီမ၊ ဆူဇူနှင့် နိုတိုမြို့တို့ရှိ ဘေးလွတ်ရာနေရာများတွင် အောက်တိုဘာ ၁၈ ရက်အထိ ဒေသခံ ၄၃၄ ဦး ခိုလှုံလျက်ရှိကြောင်း အိရှိခဝါခရိုင်က ပြောသည်။

နေအိမ်ပေါင်း ၁၄၈၇ လုံး ရေနစ်မြုပ်ခဲ့ပြီး ခရိုင်အားလုံးကို စစ်တမ်းကောက်ယူရခြင်း မရှိသေးသည့်အတွက် အရေအတွက်ထပ်မံမြင့်တက်နိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**






# လက်ဘနွန်အရှေ့ပိုင်း အစ္စရေးလေကြောင်းတိုက်ခိုက် ခြောက်ဦးသေဆုံး၊ ရှစ်ဦး ဒဏ်ရာရရှိ

**ဘေရွတ် အောက်တိုဘာ ၂၁**

လက်ဘနွန်နိုင်ငံ အရှေ့ပိုင်း ဘယ်လ်ဘက်ခ်မြို့ရှိ နေအိမ်တစ်လုံးသို့အောက်တိုဘာ ၂၁ ရက်တွင် အစ္စရေးက ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် ခြောက်ဦး သေဆုံးပြီး အခြားရှစ်ဦး ဒဏ်ရာရရှိကြောင်း လက်ဘနွန်တရားဝင် သတင်း အချက်အလက်များက ပြောကြားသည်။

ဘယ်လ်ဘက်ခ်မြို့ အလယ်ပိုင်း နာဘီအင်နာအန်ဒေသရှိ နေအိမ်တစ်လုံးပေါ်သို့ ဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ကြောင်း လက်ဘနွန်တရားဝင် အမျိုးသားသတင်းအေဂျင်စီက ပြောကြားသည်။ သေဆုံးသူများကို အရပ်ဘက် ကာကွယ်ရေးအဖွဲ့များက ဆယ်ယူခဲ့ပြီး လက်ဘနွန်ကြက်ခြေနီအသင်းက ဒဏ်ရာရရှိသူများ အနီးနားရှိဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း အဆိုပါ သတင်းအေဂျင်စီက ပြောကြားသည်။

ဟစ်ဇ်ဘိုလာ အဖွဲ့သည် လက်ဘနွန်တောင်ပိုင်း၌ အစ္စရေးနှင့် တိုက်ပွဲများ ဖြစ်ပွားနေချိန်တွင်း အောက်တိုဘာ ၂၀ ရက် ညနေပိုင်းက အစ္စရေး Hermes 900 ဒရုန်းတစ်စင်းကို ပစ်ချခဲ့ကြောင်း အောက်တိုဘာ ၂၁ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အဆိုပါ ဒရုန်းမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစကာ လက်ဘနွန်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ပစ်ချခဲ့သည့် ကိုးစင်းမြောက် ဒရုန်းဖြစ်ကြောင်း အဆိုပါအုပ်စုက မှတ်ချက်ပြုပြောကြားသည်။

**ဆင်ဟွာ**

# အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်တွင် သေဆုံးသူ ၂၄၆၄ ဦးရှိလာ

**ဘေရွတ် အောက်တိုဘာ ၂၁**

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် လက်ဘနွန်တွင် အစ္စရေးလေကြောင်း တိုက်ခိုက်မှုများကြောင့် သေဆုံးသူပေါင်း ၂၄၆၄ ဦး ရှိလာကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာလည်း ၁၁၅၃၀ ရှိလာကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၀ ရက်တွင် ပြောသည်။

အောက်တိုဘာ ၁၉ ရက် တစ်ရက်တည်းတွင် အစ္စရေး လေကြောင်းတိုက်ခိုက်မှုကြောင့် ၁၆ ဦး သေဆုံးပြီး အခြား ၅၉ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။ စက်တင်ဘာ ၂၃ ရက်နောက်ပိုင်း အစ္စရေးတပ်မတော်သည် လက်ဘနွန်ကို ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

# ဂရိကျွန်း၌ ရွှေ့ပြောင်းလှေ တိမ်းမှောက်၊ နှစ်ဦးသေဆုံး

**အေသင် အောက်တိုဘာ ၂၁**

အေဂျီယံပင်လယ် ဂရိဆမ်မော့စ်ကျွန်း၌ ရွှေ့ပြောင်းလှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးကြောင်း ဂရိအမျိုးသားသတင်းအေဂျင်စီ အမ်အေအင်န်အေက အောက်တို ဘာ ၂၁ ရက်တွင် ထုတ်ပြန်ထားသည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာ အခြား လူ ၂၂ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ အခင်းဖြစ်ပွားချိန်တွင် ယာဉ်ပေါ်၌ လိုက်ပါသည့် လူအရေအတွက်ကို တိတိကျကျမသိရှိရသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# အကြမ်းဖက်သမားအယောင်ဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက်ငွေကြေး တောင်းခံနေသည့် တရားခံများအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

အကြမ်းဖက်သမား အယောင်ဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက်ငွေကြေးတောင်းခံနေသူ ကျော်ခိုင်ဦးသည် ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာတွင် ရောက်ရှိနေကြောင်း မတရားမှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးချက်အရ သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ ခေတ္တာလမ်း အမှတ်(၂၂၆)၌ **ကျော်ခိုင်ဦးနှင့်** ၎င်း၏ တရားမဝင်ဇနီးဖြစ်သူ **အေးအေးဝင်းတို့နှစ်ဦးကို** ဖမ်းဆီးရမိခဲ့သည်။

## လိုင်စင်မဲ့မော်တော်ယာဉ်များ ရောင်းဝယ်

ဖမ်းဆီးရမိ တရားခံ ကျော်ခိုင်ဦး၏ ထွက်ဆိုချက်အရ ၂၀၁၄ ခုနှစ် ဧပြီလတွင် ကျောက်မဲမြို့နယ် ပန်မောက်ကျေးရွာ၌ နေထိုင်စဉ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုမှ အဓမ္မလူသစ်စုဆောင်းသဖြင့် ၎င်းအဖွဲ့ထံ ဝင်ရောက်ခဲ့ရပြီး ၂၀၁၆ ခုနှစ်တွင် ဆက်လက်နေထိုင်လိုခြင်း မရှိသဖြင့် ပြန်လည်ထွက်ပြေးခဲ့ကြောင်း၊ ယင်းနောက် ပင်လောင်းမြို့နယ် နှောင်မီးကားကျေးရွာ၌ ဆိုင်ကယ်ပြင်ဆိုင် ဖွင့်လှစ်နေထိုင်၍ လိုင်စင်မဲ့မော်တော်ယာဉ်များ ရောင်းဝယ်ခြင်းလုပ်ငန်းအား လုပ်ကိုင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသောငွေကြေးများဖြင့် ဝယ်ယူထားသော နေအိမ်၏ မှတ်တမ်းဓာတ်ပုံ။



ကျော်ခိုင်ဦး ဝယ်ယူထားသည့် နေအိမ်နှင့်ခြံဝင်း



အိမ်ဝယ်ယူထားရှိမှုစာချုပ်

## ခြိမ်းခြောက်ပြောဆို

၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစ၍ Chrome Software မှတစ်ဆင့် Myanmar Business Directory Application ကို အသုံးပြုကာ စီးပွားရေး လုပ်ငန်းရှင်များ၏ ဖုန်းနံပါတ်များကို ရှာဖွေ၍ ၎င်းသည် အကြမ်းဖက်ဖောက်ခွဲရေးအုပ်စုမှဖြစ်ကြောင်း၊ တပ်၊ ရဲ၊ ပြည်သူ့စစ်နှင့် အခြားအဖွဲ့အစည်းများအား တိုင်တန်းပါက သတ်ဖြတ်ခံရမည် ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆို၍ ငွေကြေးများ တောင်းခံခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၉ ရက်အထိ စီးပွားရေးလုပ်ငန်းရှင်များထံမှ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုအနေဖြင့် လားရှိုးမြို့မှ လေးဦး၊ သီပေါမြို့မှ တစ်ဦး၊ မူဆယ်မြို့မှ ငါးဦး၊ နမ့်ခမ်းမြို့မှ နှစ်ဦး၊ တောင်ကြီးမြို့မှ တစ်ဦး၊ လွိုင်ကော်မြို့မှ တစ်ဦး၊ ပြင်ဦးလွင်မြို့မှ လေးဦး၊ နောင်ချိုမြို့မှ တစ်ဦး၊ မန္တလေးမြို့မှ ရှစ်ဦး စုစုပေါင်း စီးပွားရေးလုပ်ငန်းရှင် ၂၇ ဦးတို့ထံမှ ခြိမ်းခြောက်၍ ငွေကျပ် ၂၂၁၃၀၀၀၀၀ တောင်းခံခဲ့ကြောင်း၊ ရရှိငွေကြေးများအား ယာဉ်အမှတ်၊ YGN-13 9Q/9165 Soueast ယာဉ်ကို ငွေကျပ်သိန်း ၄၀၀ ဖြင့်လည်းကောင်း၊ မိုးကြိုးပစ်ကျေးရွာရှိ နေအိမ်ကို ငွေကျပ်သိန်း ၁၄၀၀ ဖြင့်လည်းကောင်း ဝယ်ယူခဲ့ပြီး ကျန်ငွေများအား လောင်းကစားခြင်း၊ သောက်စားပျော်ပါးခြင်းများတွင် ကိုယ်ကျိုးသုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသောငွေကြေးများဖြင့် ဝယ်ယူထားသော မော်တော်ယာဉ်ယာဉ်အမှတ်၊ YGN-13 9Q/9165 နံပါတ်ပါ Soueast DX-7 မော်တော်ယာဉ်။

## သတင်းပေးတိုင်ကြားနိုင်

သို့ဖြစ်ပါ၍ ရိုးသားမှန်ကန်စွာ လုပ်ကိုင်စားသောက်နေထိုင်သော အများပြည်သူများအား ခြိမ်းခြောက် ငွေကြေးတောင်းခံသည့် တရားခံများကို တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ခြိမ်းခြောက်ငွေကြေးတောင်းခံရပါက အလွယ်တကူ မယုံကြည်ကြရန်နှင့် ထိုသို့ဆောင်ရွက်နေသူများအား ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ တရားခံများ၏သတင်းအား ရရှိပါက ၎င်းတို့အား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

တရားခံနှစ်ဦးနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသောငွေကြေးများ၏ မှတ်တမ်းဓာတ်ပုံ။



ကျော်ခိုင်ဦး(၃၀)နှစ်



အေးအေးဝင်း(၂၈)နှစ်



ငွေကျပ် ၃၂၂၀၀၀၀၊ လက်ကိုင်ဖုန်း သုံးလုံး၊ နိုင်ငံကူးလက်မှတ်စာအုပ်တစ်အုပ်။




စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက်ငွေကြေးတောင်းခံခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

---

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မီးပလပ်ခုံအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် ရွှေလင်ဗန်းစက်မှုဇုန် ဦးဖိုးလှိုင်လမ်းနှင့် ကနောင်မင်းသားကြီးလမ်းထောင့်ရှိ Shwe Li International Co;Ltd ဓာတ်မြေဩဇာဂိုဒေါင်အတွင်း မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၃၂ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်ကိုစိစစ်ရာ အဆိုပါဂိုဒေါင်အတွင်း ရေမော်တာနှင့် လုံခြုံရေးမီးအသုံးပြုရန်အတွက် သွယ်တန်းထားသောမီးပလပ်ခုံ အပူလွန်ကဲ၍ ဓာတ်မြေဩဇာအိတ်များပေါ်သို့ မီးပွားကျရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ဓာတ်မြေဩဇာအိတ် အလုံး ၁၀၀၊ အိတ်အခွံ အလုံး ၅၀၀ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဂိုဒေါင်တာဝန်ခံ မျိုးမင်းသက်(၄၂)နှစ်အား လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မူဆယ်မြို့နယ်လုံးကျွတ်(တတိယအကြိမ်) သံဃာအပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

မူဆယ် အောက်တိုဘာ ၂၁

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မြို့အဝင်မီးပွိုင့်လမ်းဆုံမှ သိန်းသန်းချီအဝေးပြေးကွင်း သွားလမ်း၌ မူဆယ်မြို့နယ်လုံးကျွတ် (တတိယအကြိမ်) ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ အောက်တိုဘာ၂၀ ရက်က ပြုလုပ်သည်။**

ဦးစွာ မူဆယ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တစန္ဒာဝရထံမှ ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ တရားနာယူခြင်းနှင့် ရေစက် သွန်းချအမျှဝေခြင်းများ ဆောင်ရွက်သည်။ ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ဦးဆောင်ပြီး မူဆယ်မြို့နယ်အတွင်းရှိ သံဃာတော်၊ သီလရှင်အပါး ၁၀၇၉ ပါးကိုဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ **(ယာပုံ)** ယခုကဲ့သို့ မြို့နယ်လုံးကျွတ် သံဃာပေါင်းစုံညီ ၁၀၀၀ ကျော် ဆွမ်းဆန် စိမ်းလောင်းလှူခြင်းကို အစဉ်အလာမပျက်နိုင်ရေး အတွက် ၂၀၂၂ ခုနှစ်က ပထမအကြိမ်ကျင်းပခဲ့ပြီး ဒုတိယအကြိမ် ၂၀၂၃ ခုနှစ်တွင် သံဃာတော် အရှင်အပါး ၁၃၀၀ ကျော်ကို လှူဒါန်းမှုပြုလုပ်နိုင်ခဲ့သည်။ ယခု တတိယအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူရာတွင်လည်း ဒေသတွင်းလမ်းပန်းကြောင့် မကြွရောက်နိုင်သည့် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများကို သီတင်းသုံးရာ ကျောင်းတော်အရောက် ပို့ဆောင်ဆက်ကပ်နိုင်ခဲ့သည်။ မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဒေသခံ ပြည်သူများ၊ ချစ်ကြည်ရေးအသင်းအဖွဲ့ပေါင်းစုံဖြင့် စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူသည့် ဒေသခံပြည်သူများအားလုံးကို ယဉ်ကျေးမှုအသင်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ ခရစ်ယာန်ဘာသာရေးအသင်းတော် အဖွဲ့ပေါင်းစုံနှင့် စေတနာရှင်များက စတုဒိသာအဖြစ် ကချင်ရိုးရာ ဒံပေါက်ကိုလည်းကောင်း၊ အစ္စလာမ်ဘာသာဝင်များက ကြက်ဆီထမင်း၊ အချိုရည်စသည့် စားသောက်ဖွယ်ရာများကို ဧည့်ခံကျွေးမွေးကြသည်။ ယခု တတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သံဃာတော်၊ သီလရှင်အပါး ၁၀၇၉ ပါးအတွက် တစ်ပါးလျှင် ငွေသားကျပ်သုံးသိန်းကျော်ဖြင့် ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်း လှူဒါန်းမှုစုစုပေါင်းငွေကျပ်တန်ဖိုးသိန်းပေါင်း ၃၀၀၀ ကျော်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



❂ *ကျောဖုံးမှ*

အဆင့် ၁ နှင့် အဆင့် ၂ ရပ်တည်မှုအရ နှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃ နှင့် အဆင့် ၄ နေရာရအသင်းတို့မှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဖိလစ်ပိုင်အသင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဗီယက်နမ်အသင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် ထိုင်းအသင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၂၆ ဦးဖြင့် စက်တင်ဘာ ၃၀ ရက်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် ဇန်နဝါရီ၌ ကျင်းပမည့် အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–MFF

# ရေဝတီတိုင်းဒေသကြီး၌ သန်းခေါင်စာရင်းကောက်ယူရာတွင် စစ်မှုထမ်းကိစ္စများကိုပါ မေးမြန်းကောက်ယူနေကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ




နေပြည်တော် အောက်တိုဘာ ၂၁

ရေဝတီတိုင်းဒေသကြီး၌ သန်းခေါင်စာရင်း ကောက်ယူရာတွင် စစ်မှုထမ်းကိစ္စများကိုပါ မေးမြန်းကောက်ယူနေသည်ဟု မဟုတ်မမှန် သတင်းများကို ပြည်ဖျက်သတင်းမီဒီယာ များက ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာ အနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူမှုကို ပြုလုပ်ခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသူများ အတွက် အောက်တိုဘာ ၃၁ ရက်အထိ တိုးမြှင့် ကောက်ခံနေကြောင်း၊ ထိုသို့စာရင်းကောက်ယူရာတွင် ဝန်ထမ်းများအနေဖြင့် အိမ်ထောင်စု မေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျ မေးမြန်း ကောက်ယူလျက်ရှိပြီး အခြားအကြောင်းအရာများကို မေးမြန်းကောက်ယူခြင်းမရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ပြည့်စုံမှန်ကန်စွာ ပြောကြားခြင်းဖြင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်များအပေါ် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခုသတင်းသည် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများအပေါ် တရားမဝင် ပြည်ဖျက်မီဒီယာများက မနာလို၊ မရှုဆိတ်ဖြင့် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❒ ကျောဖုံးမှ

ယင်း သွင်းဂိုးများကြောင့် လီဝမ်ဒေါစကီးသည် ယခုနှစ်ရာသီ ပြိုင်ပွဲစုံ ၁၂ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးအထိ ရှိလာပြီဖြစ်သည်။

ထို့အပြင် လီဝမ်ဒေါစကီးသည် ဥရောပထိပ်တန်း လိဂ်ငါးခုတွင် တတိယမြောက် သွင်းဂိုးအများဆုံး ဂျင်မီဂရော့စ်၏ ၃၆၆ ဂိုးကို လိုက်မီနိုင်ခဲ့ပြီလည်း ဖြစ်သည်။ ဥရောပထိပ်တန်းလိဂ် ငါးခု၏ သွင်းဂိုးအများဆုံးကစားသမားမှာ မက်ဆီဖြစ်ပြီး ၄၉၆ ဂိုး သွင်းယူထားသည်။ ၎င်းနောက်တွင် စီရော်နယ်ဒိုက သွင်းဂိုး ၄၉၅ ဂိုးဖြင့် ရပ်တည်နေသည်။

### သုံးမှတ်အသာဖြင့်ဦးဆောင်

ဆီဗီလာအသင်းသည် နိုင်ပွဲဆက်ရရှိရန် ခြေကုန်ထုတ်လာသော်လည်း ပြိုင်ဘက်ဘာစီလိုနာအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို လီဝမ်ဒေါစကီး၊ ပက်ဒရီနှင့် တောရက်စ်တို့က သွင်းယူပေးပြီး ဆီဗီလာအသင်းအတွက် သွင်းဂိုးကို မူဇမ်ဘိုက သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် လာလီဂါပွဲစဉ် (၁၀) အပြီးတွင် ကိုးပွဲအထိ နိုင်ပွဲရရှိကာ အမှတ်ပေးဇယားကို သုံးမှတ်အသာဖြင့် ဦးဆောင်ထားနိုင်သည်။

### ယှဉ်ပြိုင်ကစား

ဘာစီလိုနာ အသင်းသည် အောက်တိုဘာ ၂၄ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အသင်းကြီး ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်တွင် လာလီဂါပြိုင်ပွဲ၌ ခါးသီးပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

❍ *ကျောဖုံးမှ*


မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



# စုပေါင်းအားဖြင့် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ ချက်ချင်းတုံ့ပြန် ထူထောင်ရန်

ခန့်ဇော်(ကျေးလက်)

*(ယမန်နေ့မှအဆက်)*

ဒါမှသာ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ အခြေခံအဆောက်အအုံတွေ ဖြစ်လာမှာပဲဖြစ်ပါတယ်။

ဒါကြောင့် ဆင်သေချောင်းကွင်းဆင်းတိုင်းတာစစ်ဆေးရေးအဖွဲ့ကို စက်တင်ဘာ ၂၄ ရက်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ အပါအဝင် ဆက်စပ်ဦးစီးဌာန ရှစ်ခုမှ အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်နေပြီဖြစ်ပါတယ်။ ကြိုတင်ကာကွယ်နိုင်ဖို့ ခုကစပြန်လည်ပြင်ဆင်နေတာဖြစ်ပါတယ်။

ကြိုတင်သိရှိခဲ့ရင် အန္တရာယ်ကို ခန့်မှန်းနိုင်မှာဖြစ်ပြီး လူ့အသက်တွေကို မသေဆုံးအောင် ကျေးရွာအဆင့်အထိ အိမ်တိုင်းသိအောင် အသိပေးနိုင်တဲ့စနစ်ရှိခဲ့ရင် တစ်ရက်ကြိုတင် ရွှေ့ပြောင်းနိုင်မယ် (သို့မဟုတ်) ဖြစ်နိုင်ခြေ ကြိုပြောထားနိုင်ခဲ့လျှင် ပြင်စရာရှိတာ ကြိုတင်ပြင်ဆင်ထားနိုင်တဲ့အတွက် ထိခိုက်မှု သက်သာနိုင်ပါတယ်။

ကျွန်တော်တစ်ဦးတည်းရဲ့ အမြင်အရတော့ ယခင်နှစ်ပေါင်းများစွာကတည်းက "မိုး" ကြီးလို့ "ရေ" ကြီးလို့ဆိုပြီး ဒီဒေသတွေမှာ ယခုလို အန္တရာယ်မဖြစ်ခဲ့ဖူးတော့ ရေကြီးနိုင်တဲ့ ချောင်းဘေးနေထိုင်သူတွေ၊ တောင်ပေါ်၊ တောင်ခြေနေထိုင်သူတွေ ဂရုစိုက်ကြဖို့နဲ့ အန္တရာယ်ရှိကြောင်း သတင်းမှာ ကြေညာတာကတော့ ပြည်သူတွေအနေနဲ့ ဂရုစိုက်မှာမဟုတ်ပါဘူး။ ရွာအရောက်၊ ရပ်ကွက်အရောက်၊ အိမ်တိုင်းစေ့ အားလုံးသိအောင် အန္တရာယ်ဖြစ်နိုင်ခြေတွေကို လော်စပီကာနဲ့ ကြေညာပြီး ပြောင်းသင့်၊ ရွှေ့သင့်၊ ပြင်ဆင်သင့်တာ ပြင်ဆင်မှရမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း ကြုံဖူးမှ ယုံကြတာ၊ ပြောတာလောက်နဲ့တော့ လိုက်လုပ်ကြမှာမဟုတ်ပါဘူး။ "မိုးရွာတာကွာ ဘာများထူးခြားလို့လဲ"လို့ပဲ ပြောကြမှာဖြစ်ပါတယ်။

စက်တင်ဘာ ၁၁ ရက် ပျော်ဘွယ်မြို့ရဲ့ စံချိန်တင်မိုးရေချိန်ဟာ (၁၀.၅၆) လက်မဖြစ်ပြီး ရမည်းသင်းမြို့ရဲ့ စံချိန်တင်မိုးရေချိန်ဟာ (၁၁.၂၂) လက်မဖြစ်လို့ နှစ်ရက်အတွင်းမိုးရေချိန်က တစ်နှစ်လုံး မိုးရေချိန်ရဲ့ ၅၀ ရာခိုင်နှုန်းခန့်ဖြစ်နေတဲ့အတွက် မကြုံစဖူး ရေကြီးရေလျှံမှု ကြုံခဲ့ကြရတာပဲဖြစ်ပါတယ်။ ဒါအတွေ့အကြုံပါပဲ။ ဒီအတွေ့အကြုံကနေ သင်ခန်းစာယူပြီး ကြိုတင်ပြင်ဆင်သင့်တာ ပြင်ဆင်ကြရမှာပဲဖြစ်ပါတယ်။

**မုန်တိုင်းဘယ်ကစ**

နိုင်ငံရဲ့ဘယ်အရပ်မျက်နှာတွေကနေ မုန်တိုင်းဝင်တတ်သလဲ… ဘယ်လိုသက်ရောက်မှုတွေ ရှိတတ်သလဲ လေ့လာသုံးသပ်ကြရပါမယ်။ အဓိကအနေနဲ့ တောင်တရုတ်ပင်လယ်ကလာတဲ့ မုန်တိုင်းတွေကို ပြန်သုံးသပ်သင့်ပြီး ဆင့်ကဲမိုးရွာမှု၊ လာအို၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံမှာဖြစ်တဲ့ ရေကြီးမှု၊ အန္တရာယ်အဆင့် သုံးသပ်မှုတွေ၊ တာချီလိတ်နဲ့ ရှမ်းပြည်နယ်တို့မှာ ဖြစ်ပွားခဲ့တဲ့အခြေအနေတွေကို သုံးသပ်ပြီး ရမည်းသင်း၊ ပျော်ဘွယ်၊ နေပြည်တော် ဧရိယာအတွင်းဖြစ်နိုင်ခြေတွေကို ပြန်သုံးသပ်ကြရမယ်ထင်ပါတယ်။ မုန်တိုင်းဝင်ရာ လမ်းကြောင်းတွေကတော့ ကြိုသိရင် ကြိုတင်ပြင်ဆင်ကြပေမယ့် နောက်ဆက်တွဲ မိုးကြောင့်ဖြစ်တဲ့ ရေကြီးမှု၊ မြေပြိုမှုတွေမှာတော့ ပြည်သူတွေ ကြိုတင်ပြင်ဆင်မှုနည်းကြပါတယ်။

**သုံးသပ်စဉ်းစားဆောင်ရွက်ရန်များ**

နေပြည်တော်ဆိုတာ ကုန်းတွင်းပိတ်ဧရိယာလိုဖြစ်နေပြီး ပေါင်းလောင်း၊ ဆင်သေ၊ ငလိုက်စတဲ့ အမြင့်ပိုင်းဒေသ ချောင်းတွေကလည်း မိုးတွင်းမှ/ဆည်ရေလွှတ်မှသာ ရေရှိတော့ ပေါင်းလောင်းချောင်းမှာ ရေများချိန် စက်လှေအနည်းငယ်သုံးလှေ့ရှိတာ တွေ့ရပေမယ့် ကျန်အချိန်သိပ်မသုံးကြပါဘူး။ ဒီတော့ သဘာဝဘေးကြောင့် ရေကြီးတဲ့ချိန်မှာ ကယ်ဆယ်ရေးလုပ်ဖို့ စက်လှေ ကန့်သတ်ချက်ရှိတာ တွေ့ရပါတယ်။ စက်လှေတစ်စင်းက လူ (၁၀/၁၅) ယောက်ပဲ တင်နိုင်၊ ကယ်နိုင်တာဖြစ်လို့ အခေါက်ခေါက် အခါခါ သယ်ထုတ်ကြရ၊ စက်လှေတွေ ရန်ကုန်ကနေ လှမ်းမှာယူရတော့ ထပ်အချိန်ပေးရပြန်ပါတယ်။ ကုန်းခေါင်ခေါင်လည်း ရေကြီးနိုင်တဲ့အတွက် ကယ်ဆယ်ရေးလုပ်ဖို့ လှေတွေ အရန်သင့်ရှိနေဖို့ လိုအပ်တယ်ဆိုတာကို သတိပြုမိခဲ့ရပါတယ်။ တတ်နိုင်ရင်တော့ ဒုတိယဦးစားပေး အရန်သဘောအရ ကယ်ဆယ်ရေးလှေတွေ နေပြည်တော်၊ မန္တလေးဒေသတွေမှာလည်း ထားရှိသင့်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ကယ်ဆယ်ရေးစခန်းတွေကိုကြည့်ရင် စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အအုံတွေဖြစ်တာ တွေ့ရပါတယ်။ ရွာတွေမှာ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတွေ အခိုင်အမာဆောက်ထားရင် အရေးပေါ် ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးဝင်တာ တွေ့ရပါတယ်။ စက်တင်ဘာ ၂၂ ရက်တွင် လယ်ဝေးမြို့နယ် ကွမ်းခြံရွာကို ကွင်းဆင်းစစ်ဆေးချက်အရ လုပ်ငန်းရှင် ဦးကျော်ဆန်းရဲ့ သုံးထပ်တိုက်အိမ်မှာ Shelter သဘောမျိုး လူ ၁၆၀ ခန့် ရေဘေးကနေ ခိုလှုံနိုင်ခဲ့တာ သိခဲ့ရပါတယ်။ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးမှုဟာ ဒီနေရာမှာလည်း များစွာအရေးပါလှပါတယ်။

စနစ်တကျ ဒီဇိုင်းရေးဆွဲပြီး သဘာဝဘေးဒဏ်ခံနိုင်အောင် ရင်းနှီးမြှုပ်နှံတည်ဆောက်ထားတဲ့ လမ်း၊ တံတားတွေက တာပေါင်/ ချဉ်းကပ်လမ်းများလောက်သာ ပျက်စီးမှုရှိတာ တွေ့ရသလို အခိုင်အခံ့ ဆောက်ထားတဲ့အိမ်ကြီး/ အိမ်ကောင်းတွေဟာလည်း ကြံ့ကြံ့ခံကျန်ရစ်တာ တွေ့ရပါတယ်။ ရန်ပုံငွေ အနည်းအကျဉ်းမျှနဲ့ သွားဖြစ်လာဖြစ်အောင် ဦးစားပေးတည်ဆောက်ထားတဲ့ လမ်း/ တံတားတွေ၊ ငွေကြေးမတတ်နိုင်လို့ တော်သင့်ရုံတည်ဆောက်ထားတဲ့အိမ်တွေ ရေစီးနဲ့ မျောပါပျက်စီးကြတာ တွေ့ရပါတယ်။ ပျက်စီးမှုတွေအနက် ရွှံ့နွံအထပ်ထပ်ဖုံးပြီး မြေပို့သွားတဲ့ လယ်မြေတွေကို နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ပြန်လည်ပြင်ဆင်ပေးမှ အဆင်ပြေမယ်လို့ ယုံကြည်ပါတယ်။



ရမည်းသင်းမြို့နှင့် တပ်ကုန်းမြို့တို့တွင် ရေသန့်စင်ကားဖြင့် ကျေးလက်နေပြည်သူများအား ရေဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်။

**သဘာဝဘေးဒဏ် တုံ့ပြန်နိုင်စွမ်းအားကောင်းရန်…**

ရရှိခဲ့တဲ့အတွေ့အကြုံအရ သဘာဝဘေးဟူသည် မမျှော်မှန်းနိုင်တဲ့ကိစ္စရပ်တွေမှာ တစ်ခုအပါအဝင်ဖြစ်သည့်တိုင် ကြိုတင်စဉ်းစားထည့်သွင်းတွက်ချက်ရတဲ့ကိစ္စရပ်တစ်ခုလည်းဖြစ်ပြန်ပါတယ်။ ဒါ့ကြောင့် သဘာဝဘေးဆိုင်ရာအသိပညာ၊ အကာအကွယ်၊ ကြိုတင်ပြင်ဆင် ထားရှိသင့်တာတွေကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ကြဖို့ လိုအပ်သလို အခြေခံအဆောက်အအုံတွေ တည်ဆောက်ရာမှာ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ဒီဇိုင်း၊ အရည်အသွေးတွေနဲ့ တည်ဆောက်ကြဖို့၊ ကျေးရွာများမှာ သဘာဝဘေးဒဏ်ရှောင်ရှား ခိုလှုံနိုင်မယ့် Multipurpose ဘက်စုံသုံးခန်းမတွေ၊ Shelter တွေ တည်ဆောက်ထားရှိဖို့၊ သဘာဝဘေးဖြစ်ပေါ်ပါက ခုခံကျော်လွှားနိုင်မယ့် အစီအမံတွေ ကြိုတင်စီမံထားရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အရာရာမှာ ငွေဟာ အဓိကကျတဲ့အခန်းကဏ္ဍက ပါဝင်တာဖြစ်တဲ့အတွက် ဒီလိုအစီအမံတွေ ဆောင်ရွက်ထားနိုင်ဖို့ လုံလောက်တဲ့ရန်ပုံငွေ၊ ဘဏ္ဍာငွေအရင်းအမြစ်တွေရှိဖို့ လိုအပ်သလို နည်းပညာပိုင်းကလည်း ဖြည့်ဆည်းနိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရတစ်ခုတည်းရဲ့ အင်အားနဲ့တင် အရာအားလုံး လွှမ်းခြုံနိုင်ဖို့ရာ တကယ်တမ်းမှာ မလွယ်ကူလှပါဘူး။ သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ သို့မှသာ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့၊ တုံ့ပြန်နိုင်စွမ်းအားကောင်းတဲ့လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်မှာဖြစ်ပြီး မြို့ပြရော ကျေးလက်ပါ ဘေးကင်းသာယာမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

**ရည်ညွှန်းကိုးကားချက်**


- https://www.thehindu.com/news/international/typhoon-yagi-on-sept-07/article 68616717
- https:// www.straitstimes.com/ asia/vietnam-estimates-damages-of-331-billion-from-typhoon-yagi
- https://www.moi.gov.mm
- https://www.myawady.net.mm
- https://www.slobodenpecat.mk
- https://au.news.yahoo.com/super-typhoon-yagi-continues-deadly-185732757.html#
- https://edition.cnn/climate


**"နိုင်ငံရဲ့ဘယ်အရပ်မျက်နှာတွေကနေ မုန်တိုင်းဝင်တတ်သလဲ… ဘယ်လိုသက်ရောက်မှုတွေ ရှိတတ်သလဲ လေ့လာသုံးသပ်ကြရပါမယ်။ အဓိကအနေနဲ့ တောင်တရုတ်ပင်လယ်ကလာတဲ့ မုန်တိုင်းတွေကို ပြန်သုံးသပ်သင့်ပြီး ဆင့်ကဲမိုးရွာမှု၊ လာအို၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံမှာဖြစ်တဲ့ ရေကြီးမှု၊ အန္တရာယ်အဆင့် သုံးသပ်မှုတွေ၊ တာချီလိတ်နဲ့ ရှမ်းပြည်နယ်တို့မှာ ဖြစ်ပွားခဲ့တဲ့အခြေအနေတွေကို သုံးသပ်ပြီး ရမည်းသင်း၊ ပျော်ဘွယ်၊ နေပြည်တော် ဧရိယာအတွင်းဖြစ်နိုင်ခြေတွေကို ပြန်သုံးသပ်ကြရမယ်ထင်ပါတယ်"**



လယ်ဝေးမြို့ကွမ်းခြံကျေးရွာ ရွာအဝင်လမ်း ပျက်စီးမှုအား ပြုပြင်ဆောင်ရွက်လျက်ရှိစဉ်။

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၃၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ ၀ ဒသမ ၁၃ ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၈ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၁.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၁.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၈၆၃၉ | ၆၂၆.၇၆ | ၅၆၃၈၆၈ | ၁၇၄၄၀ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၃၇ | ၁၇၁၄ | ၀.၁၄ | ၆၂၆.၈၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၄၁ | ၆၂၇.၀၀ | ၂၈၁၇၀ | – | ၈.၀၀ | ၈၃၃၀ | – | – | ၀.၃၀ | ၆၂၆.၇၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၃ | ၅၁၈.၆၅ | ၈၈၀၈၅ | ၂၇၀ | ၁.၃၅ | ၃၆၈၅ | – | – | ၀.၆၉ | ၅၁၈.၇၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၅ | ၅၀၉.၀၅ | ၁၀၂၂၉ | ၇ | ၂.၉၅ | ၂၀၃၈ | – | – | ၀.၉၃ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၀၁ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၅ | ၁.၂၀ | ၃၆၀၀ | – | – | ၀.၂၀ | ၄၃၇.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၂ | ၅၃၄.၅၁ | ၇၃၀၃၀ | – | ၀.၄၉ | ၁၉၇၀ | – | – | – | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၃၂ | ၄၁၅.၉၅ | ၇၅၆၁ | ၁၁ | ၂.၀၅ | ၁၁၅၇ | – | – | ၀.၄၀ | ၄၁၅.၉၂ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၄၅ | ၁၀၇၁၅၁ | ၉၅ | ၆.၅၅ | ၃၅၉၃၉ | – | – | – | ၇၀၃.၄၇ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | – | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | – | – | – | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | – | – | – | ၈၆၃.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | – | ၅.၀၀ | ၆၅၃ | – | – | – | ၆၇၄.၀၀ |

**မှတ်ချက်** - ပေါင်းလောင်းတမံတွင် HED ရေတံခါးရှက် (၁၈) ချပ်ထောင်ထားပါသည်။

## နတ်မောက်မြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ခင်း အောင်မြင်နေမှုကြည့်ရှု

**နတ်မောက် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရွာမွန်ကျေးရွာအုပ်စုအတွင်းရှိ စိုက်ပျိုးထားရှိသည့် ချည်မျှင်ရှည်ဝါဖြစ်ထွန်းအောင်မြင်နေမှုအား အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးတွက်ခြေကိုက်၍ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ချည်မျှင်ရှည်ဝါများကို စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးထားရှိသည့် ချည်မျှင်ရှည်ဝါများ ဖြစ်ထွန်းအောင်မြင်ရန်အတွက် အပင်သက်တမ်းတစ်လျှောက် ကြီးထွားမှုအဆင့်တိုင်း ပိုးမွှားကင်းစင်ရေးနှင့် တစ်ဧကပန်းတိုင် ပိဿာ ၇၀၀ ထွက်ရှိရေး



ဒေသခံတောင်သူများအား လက်တွေ့ ကွင်းဆင်း အသိပညာပေးလျက်ရှိသည်။

နတ်မောက်မြို့နယ်၌ ချည်မျှင်ရှည်ဝါကို ယခင်နှစ်က ၂၆၆၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးရာသီ၌ ၂၉၄၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ၂၈၄၇ ဧကတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှဝင်း**

## မိုင်းရှူးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**မိုင်းရှူး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မိုင်းရှူးမြို့နယ် မီးသတ်စခန်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လင်းက သင်တန်းသားများအတွက် အရန်မီးသတ်ဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**




## ကျောက်တလုံးကြီးမြို့ ထီထပ်အခြေခံပညာမူလတန်းကျောင်းသို့ နယ်လှည့်ဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**ကျောက်တလုံးကြီး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို လစဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ထီထပ်အခြေခံပညာမူလတန်းကျောင်းသို့ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ခတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲများကို အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ခတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲသို့ အ.မ.က ထီထပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၇၀ တက်ရောက်ကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်လှည့်လုပ်ငန်းများအပြင် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်နိုင်လင်း**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ဝယ်ယူမှုကို ကွင်းဆင်းစစ်ဆေး



**ကျောက်တန်း အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ဝယ်ယူမှုကို ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာ ၂၁ ရက်က ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ကျောက်တန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ခိုင်၊ ဦးစီးမှူး ဒေါ်ကေစီလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းစိုး ဦးဆောင်သည့် ဝယ်ယူကြိတ်ခွဲတင်ပို့သည့် အစုအဖွဲ့များ တက်ရောက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံစီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ပံ့ပိုးထားပြီး၊ သွင်းအားစုဖြန့်ဖြူးထားသည့် လုပ်ငန်းအတွက် ရွှေကံ့ကော်စိုက်ပျိုးရေး နှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း လီမိတက်မှ လယ်မြေဧက ၁၂၀ တွင် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေ နှင့် ကျေးရွာအရောက် စပါးဝယ်ယူမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၄ ခုနှစ် အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီ ဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၂၂ မီလီမီတာ)မှ (၃၃ မီလီမီတာ)အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၄ မီလီမီတာ)မှ (၄၄ မီလီမီတာ) အတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**မိုး/ဇလ**

## ကြံခင်းမြို့နယ်၌ မိုးမြေပဲတစ်ဧက ပျမ်းမျှ ၆၁ တင်းခန့်ထွက်



ရေဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သည် ရာသီဥတုကောင်းမွန်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်လျက်ရှိရာ မိုးမြေပဲစိုက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း၊ မိုးမြေပဲကို မေလတွင်စိုက်ပျိုးပြီး ဩဂုတ်လတွင် လှိုင်လှိုင်တူးဖော်ကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် မြေပဲတစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၆၅၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကပျမ်းမျှ ၆၁ တင်းခန့် ထွက်ရှိကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးချိန်မှ တူးဖော်ချိန်အထိ ရာသီဥတုကောင်းမွန်မှုကြောင့် မြေပဲအထွက်နှုန်း ကောင်းမွန်ကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒေသတွင်း ပေါက်ဈေးမှာ မြေပဲသီးနှံ အရည်အသွေးပေါ်မူတည်၍ မြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၂၇၀၀၀–၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ကြံခင်းမြို့နယ်အတွင်းမှထွက်ရှိသော မြေပဲသီးနှံများကို ဒေသခံကုန်သည်များကဝယ်ယူ၍ ရန်ကုန်မြို့သို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း သိရသည်။

**DOCA (ရေဝတီ)**

## ကျောက်ဆည်ခရိုင်၌ ရုံးပတီသီးနှံတစ်ဧကလျှင် ငွေကျပ် ၂၆ သိန်း ခန့်အမြတ်ရ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့်သီးနှံများ စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ရုံးပတီသီးမျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးစသည်ဖြင့်ရှိပြီး ပင်မြင့်မျိုး (Finger One) ရုံးပတီမျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ ၁၂ ထုပ်စိုက်ပျိုးရပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်ရ၍ တစ်ရက်ခြားတစ်ကြိမ်နှုန်းဖြင့် သက်တမ်းနှစ်လထိ ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ရုံးပတီသီး ပိဿာချိန် ၁၅၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀–၂၃၀၀၊ လက်လီဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၂၆ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ ရုံးပတီပင်သည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။



**DOCA (မန္တလေး)**

## ပေါက်မြို့နယ်၌ ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြကြောင်း၊ ပြည်တွင်းဈေးကွက်ဝင်၍ ပြည်ပပို့ကုန် ပဲတစ်မျိုးဖြစ်သည့် ပဲစင်းငုံသီးနှံကို ယခင်နှစ်က စိုက်ဧက ၇၀၀၀ ခန့် စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် ပဲစင်းငုံသီးနှံပေါ်ချိန်မှ သီးနှံကုန်ချိန်အထိ ဒေသတွင်း အရောင်းအဝယ်ဖြစ်မှုအပြင် ပြည်ပဝယ်လိုအားကောင်း၍ အကျိုးအမြတ်များစွာရရှိသည့်အတွက် စိုက်ဧက ၈၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးလာကြသည်။

ပေါက်မြို့နယ်အတွင်းရှိ ရှားတောအုပ်စုကျေးရွာများတွင် ပဲစင်းငုံသီးနှံဧက ၁၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ မျိုးအနေဖြင့် ပဲစင်းငုံအဝါမျိုးနှင့် အနီမျိုးများကို စိုက်ပျိုးကြပြီး ပင်ကြား နှစ်ပေ၊ တန်းကြား လေးပေအကွာ ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံသီးနှံကို မိုးဦးရာသီ ဇွန်လတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် သီးနှံထွက်ပေါ်ကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉–၁၀ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထား၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုနှင့် သွင်းအားစုသုံးစွဲမှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ သီးနှံပေါ်ချိန်တွင် ဒေသတွင်းဈေးကွက်၌ ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀–၁၅၀၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်၍ ရောင်းချရသဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလဒုတိယပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၄၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိသည့် သီးနှံများကို ပခုက္ကူမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း၊ ယခုအချိန်တွင် ပဲစင်းငုံသီးနှံစိုက်ခင်းများမှာ အပွင့်အသီးများဖြင့် ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်ပိုမိုရရှိရန် မျှော်လင့်လျက်ရှိကြောင်း၊ ပဲစင်းငုံသီးနှံသည် ပြည်ပပို့ကုန်သီးနှံတစ်မျိုးဖြစ်ပြီး ဈေးနှုန်းကောင်းမွန်ခြင်း၊ စိုက်ပျိုးရန်လွယ်ကူခြင်းနှင့် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိခြင်းတို့ကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

### ၂၁.၁၀.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၂၄၇ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၅၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၈၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၇၁၈၅ | ၁၇၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၂၁၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၅၅၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၀၈၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၄၅၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၇၅၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၆၆၅၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၉၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၄၀၀ | | ၅၁၀၀ | ၂၂၀၀၀ | ၇၁၀၀ | ၈၀၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၅၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၁၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၂၆၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၁၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၁၂၅၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၆၀၀ | ၉၅၀၀ | ၇၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို လည်းကောင်း၊ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဝွေးချိုကျေးရွာလမ်းဆုံ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Harrier မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) တို့ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၄၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၂၂ ဒသမ ၅၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၅၅၆၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင်နှင့် ပုသိမ်ခရိုင်အတွင်း၌ တရားမဝင်မီးသွေး ၆ ဒသမ ၅၃ တန်နှင့် အခြားသစ် ၃ ဒသမ ၈၇ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၄၄၅ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၀ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesle Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး (အပေါ်ပုံ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ထို့ပြင် အောက်တိုဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂/၅ အနီး၌ တရားမဝင်ကျွန်းသစ် ဝ ဒသမ ၇၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၄၁၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hyundai Starex တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၄၄၁၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ ၁၇ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၈၆၆၁၇၁) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## MNL အမှတ်ပေးပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်နှင့် အား/ကာသိပ္ပံ အမှတ်ပြည့်ရယူ

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၁ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း အနိုင်ရခဲ့သည်။




ဒဂုံစတားယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဇယားအောက်ဆုံးရောက်နေသည့် ရခိုင်ယူနိုက်တက်အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၄၄ မိနစ်တွင် စွမ်းထက်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် စွမ်းထက်က ရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့တွင် သရေကျခဲ့သော်လည်း ယခုပွဲတွင် အား/ကာသိပ္ပံအသင်းက နိုင်ပွဲရယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၆၅ မိနစ်တွင် ဝင်းပြည့်မောင်နှင့် ၈၃ မိနစ်တွင် ဝင်းဝင်းထွန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံတိုက်စစ်မှူး ဝင်းပြည့်မောင်က ရရှိသည်။

ပွဲစဉ် (၁၂) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၃၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၁ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၀ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်း က ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

## ရေတာရှည်မြို့နယ်၌ ဓာတ်အားလိုင်းကြိုး ခိုးယူသူနှစ်ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ်၌ အောက်တိုဘာ ၁၉ ရက်က ဓာတ်အားလိုင်းကြိုး ခိုးယူသူနှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ မိနစ်၂၀ တွင် ရေတာရှည်မြို့နယ် ဆွာမြို့ လျှပ်စစ်ရုံးမှ အင်ဂျင်နီယာဖြစ်သူ ဦးစိုင်းစိုးဦးနှင့်အဖွဲ့သည် သပြေညိုရပ်ကွက်ရှိ ထရန်စဖော်မာကို သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါထရန်စဖော်မာမှ ဗို့ ၄၀၀ ဓာတ်အား လိုင်းကြိုး CU/XLPE 95 MM2 Cable ကြိုး ငါးမီတာခန့် လေးကြိုး စုစုပေါင်း တန်ဖိုးကျပ် ၁၂ သိန်းခန့်မှာ ပျောက်ဆုံးနေသဖြင့် စုံစမ်းခဲ့ရာ ရှမ်းရွာရပ်ကွက်နေ ဝေလွင်မောင်(၂၈)နှစ်နှင့် သာဂရကျေးရွာနေ ကောင်းဆက်မင်း(၂၅)နှစ်တို့နှစ်ဦးခိုးယူပြီး သာဂရကျေးရွာရှိ ကိုဘုန်းဆိုင်တွင် ငွေကျပ် ၄၇၀၄၀၀ ဖြင့် ရောင်းချထားရှိကြောင်း သိရှိရသဖြင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ ဝေလွင်မောင်နှင့် ကောင်းဆက်မင်းတို့အား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ကော့သောင်းမြို့နယ်၌ ဆိုင်ကယ်နှစ်စီး တိုက်မိသဖြင့် သုံးဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ အောက်တိုဘာ ၁၉ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် သီရိမွန်တည်းခိုခန်းအနီး၌ အေးရိပ်ငြိမ်ရပ်ကွက်နေ ဝေယံမင်းထက်(၁၉)နှစ်မောင်းနှင်ပြီး မောင်နှမတော်စပ်သူ မသင်းရတီစံ(၁၅)နှစ်နှင့် ပိုင်မင်းခန့်(၉)နှစ်တို့ လိုက်ပါလာသည့် Click 125 ဆိုင်ကယ်သည် အောင်သုခရပ်ကွက်ဘက်မှ ဗိုလ်ချုပ်လမ်းအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် မျက်နှာချင်းဆိုင်မှ သီရိမြိုင်ရပ်ကွက်နေ ကျော်စိုးဦး(၃၅)နှစ် မောင်းနှင်လာသော Wave 110 ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ ဝင်ရောက်တိုက်မိခဲ့သဖြင့် ကျော်စိုးဦး၊ ပိုင်မင်းခန့်နှင့် မသင်းရတီစံတို့တွင် ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ကျော်စိုးဦးအား ကော့သောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြိတ်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**မြိတ် အောက်တိုဘာ ၂၁**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို သဘာဝဘေးနှင့် မီးဘေးအန္တရာယ်တို့မှ ကာကွယ်ပေးနိုင်ရန်အတွက် မြိတ်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၄) သင်တန်းကို မြိတ်ခရိုင် မီးသတ်ဦးစီးဌာန၌ အောက်တိုဘာ၂၁ ရက်က ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝင်းစိုးက အမှာစကားပြောကြားပြီး(ဝဲပုံ) ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတူညီဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

သင်တန်းတွင် မီးဘေးကြိုတင်ကာကွယ် တားဆီးရေး၊ နည်းပညာမြင့် မီးငြိမ်းသတ်ရေးဘာသာရပ်များ၊ ရှေးဦးပြုစုခြင်းစသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀၀ တက်ရောက်၍ ရက်သတ္တပတ်လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကာ စိတ်ချမ်းသာ

# ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ရုပ်သံကုမ္ပဏီများ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု သက်တမ်းတိုးစာချုပ်များ လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရုပ်သံကုမ္ပဏီများ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု သက်တမ်းတိုး စာချုပ်များ လက်မှတ်ရေးထိုးခြင်းကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။



ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှုတ်ခွန်းဆက် ပြောကြားပြီး တက်ရောက်လာကြသည့် ရုပ်သံကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေး ပြောကြားကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Forever Group Co.,Ltd တို့ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း မြေနေရာ ငှားရမ်းပြီး စတူဒီယိုဆောက်လုပ်၍ လုပ်ငန်းဆောင်ရွက်ခြင်း၊ Build, Transfer & Operate – BTO and Build, Operate & Dismantle–BOD စာချုပ်ကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာမှ ပထမအကြိမ် (၃)နှစ် သက်တမ်းတိုး စာချုပ်ကိုလည်းကောင်း၊ MRTV Multi Channel Playout System တွင် ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DVB–T2 စနစ်တွင် SD စနစ်ဖြင့် ထုတ်လွှင့်လျက်ရှိသည့် 5 Plus ရုပ်သံလိုင်းအား HD စနစ်ဖြင့် အဆင့်မြှင့်တင် ထုတ်လွှင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း နောက်ဆက်တွဲ သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Forever Group Co.,Ltd (ပဉ္စဝတီ FM)၊ Golden Wave Co.,Ltd (ရွှေ FM)၊ Padamyar FM Media Co.,Ltd (ပတ္တမြား FM)၊ Myanmar Album Media Services Co.,Ltd (ချယ်ရီ FM) နှင့် Htoo Trading Co.,Ltd (FM ပုဂံ) တို့ FM Radio ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ သက်တမ်းတိုးစာချုပ်များကို တတိယအကြိမ် နောက်ဆက်တွဲ သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးကြသည်။

ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိရာ ရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ရုပ်သံရိုက်ကူးရေးဆိုင်ရာ စတူဒီယိုများ ဆောက်လုပ်ငှားရမ်းခြင်း၊ MRTV DTH စနစ်တွင် ပုဂ္ဂလိက ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်ခြင်း၊ နိုင်ငံပိုင် မြန်မာ့အသံရေဒီယိုနှင့် FM ထုတ်လွှင့်ခြင်းတို့အပြင် ပုဂ္ဂလိက FM ရေဒီယိုထုတ်လွှင့်ခြင်း လုပ်ငန်းများ တိုးမြှင့်ထုတ်လွှင့်ခြင်း လုပ်ငန်းများကို မူဝါဒ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အစမ္ပိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္ပိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္ပိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အစမ္ပိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အစမ္ပိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အစမ္ပိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အစမ္ပိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**မော်လမြိုင် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ဖွင့်လှစ်သည့်လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကြာအင်းကျေးရွာအုပ်စု အမှတ် (၅၄) စက်မှုလယ်ယာစခန်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ယုက အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ကျော်ဇင်က သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ်/ခရိုင် စက်မှုလယ်ယာဦးစီးမှူးများက သင်တန်းသားများအတွက် သင်ရိုးညွှန်းတမ်းစာအုပ်များနှင့် စာရေးကိရိယာများကို သင်တန်းသားများထံ ပေးအပ်သည်။

သင်တန်းတွင် ဒေသတွင်း လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုး လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များ စနစ်တကျမောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို သင်တန်းသား ၃၀ တို့အား အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



## သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

## အေစီမီလန်၊ အာဆင်နယ်၊ ဂျူဗင်တပ်စ်၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ်တို့ ပါဝင်သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

အောက်တိုဘာ ၂၂ ရက် ညပိုင်းနှင့် ၂၃ ရက် နံနက်ပိုင်းတို့တွင် အေစီမီလန်၊ အာဆင်နယ်၊ ဂျူဗင်တပ်စ်၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ်အသင်းတို့ ပါဝင်သည့် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စု ပွဲစဉ် (၃) ပွဲစဉ်များကို ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အေစီမီလန်အသင်းက အောက်တိုဘာ ၂၂ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် ဘယ်လ်ဂျီယံကလပ် ကလပ်ဘရုဂ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အေစီမီလန်အသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး ရှုံးနိမ့်ထားကာ ပြိုင်ဘက်ကလပ်ဘရုဂ်က တစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားသည်။ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် အေစီမီလန်အသင်းသည် အမှားခံလို့မရတော့ဘဲ မဖြစ်မနေနိုင်ပွဲရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည်ဖြစ်သည်။

အာဆင်နယ်အသင်းက ယူကရိန်းကလပ် ရှက်တာဒိုးနက်အသင်းနှင့် အောက်တိုဘာ ၂၃ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ချန်ပီယံလိဂ် နှစ်ပွဲကစားပြီးချိန်တွင် အာဆင်နယ်အသင်းက လေးမှတ်စုဆောင်းထားနိုင်ပြီး ရှက်တာဒိုးနက်အသင်းက တစ်မှတ်သာ ရရှိထားသည်။ ရှက်တာဒိုးနက်အသင်းထက် အာဆင်နယ်အသင်း ရလဒ်ကောင်း ရရှိဖွယ်ရှိသည်။

ဂျူဗင်တပ်စ်အသင်းက ဂျာမန်ကလပ်စတုဂတ်နှင့် အောက်တိုဘာ ၂၃ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ စတုဂတ်အသင်းက ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ




နောက်ဆုံး ငါးပွဲတွင် နိုင်ပွဲရရှိထားခြင်း မရှိဘဲ တစ်ပွဲရှုံးပြီး လေးပွဲသရေကျထားသည်။ ခြေစွမ်းသာလွန်မှုရှိသည့် ဂျူဗင်တပ်စ်အသင်းကို စတုဂတ်အသင်း အမြင့်ဆုံး သရေသာရဖွယ်ရှိသည်။

နာမည်ကြီး ပီအက်စ်ဂျီအသင်းက နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းနှင့် အောက်တိုဘာ ၂၃ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပီအက်စ်ဂျီအသင်းထက် ပီအက်စ်ဗွီအသင်းက နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် မဖြစ်မနေ နိုင်ပွဲရရှိရန် လိုအပ်နေသည်။ သို့သော်လည်း ပီအက်စ်ဂျီအသင်းကို ခက်ခက်ခဲခဲကစားရဖွယ်ရှိပြီး အဆုံးသတ်သေချာမှသာ နိုင်ပွဲရဖွယ်ရှိသည်။

ရီးရဲမက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းပွဲစဉ်ကို အောက်တိုဘာ ၂၃ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အသင်းကြီး ရီးရဲမက်ဒရစ်အသင်းထက် ဒေါ့မွန်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သာလွန်သည့်စွမ်းဆောင်ရည်ကို ပြသထားနိုင်ပြီး နှစ်ပွဲကစား နှစ်ပွဲနိုင် ရလဒ်ရရှိထားသည်။ ရီးရဲမက်ဒရစ်အသင်းက အားထားရသည့် အမ်ဘာပေ၊ ဗင်နီစီးယပ်စ်တို့ဖြင့် ပွဲထွက်လာနိုင်သည့်အတွက် ဒေါ့မွန်အသင်း နိုင်ပွဲရရေး အခက်တွေ့နိုင်သည်။

**အောင်ဇော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများ အနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ -၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## လေလံများအတွက် ဖိတ်ခေါ်ချက်(တင်ဒါသတိပေးချက်)

သံရုံးဝင်းအတွင်း တပ်ဆင်ခြင်း၊ တပ်ဆင်ခြင်းနှင့် လုပ်ငန်းစတင်ခြင်းအတွက် ကျော်ကြားပြီး အတွေ့အကြုံရှိသော ကုမ္ပဏီ/ကန်ထရိုက်တာ များထံမှ လေလံဆွဲရန် **ဖိတ်ခေါ်**ထားသည်။

**အလုပ်နယ်ပယ်–**

- **တွဲဆက်ရေချိုးခန်းနှစ်ခန်း**(၆ပေ ၆ပေ တစ်ခုစီ)ပါရှိသော **မော်ဂျူလာအခန်း**(ပေ ၄၀ x ၂၀) တပ်ဆင်ခြင်း
- တည်ဆောက်ပုံသည် လျှပ်ကာနံရံများ၊ အမိုးမိုးခြင်း၊ လျှပ်စစ်နှင့် ရေပိုက်စနစ်များနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ အပါအဝင် သတ်မှတ်ထားသော နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီရမည်။
- ဆိုဒ်ပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်းနှင့် မော်ဂျူလာယူနစ်များ တပ်ဆင်ခြင်း၊ အတွင်းပိုင်း အလှဆင်ခြင်းများ။

**အရည်အချင်းပြည့်မီမှု သတ်မှတ်ချက်–**

- လေလံဆွဲသူသည် တရားဝင် NTN (နိုင်ငံတော်အခွန်နံပါတ်) နှင့် GST မှတ်ပုံတင်ထားသော တရားဝင်မှတ်ပုံတင်ထား သော ကုမ္ပဏီ/ကုမ္ပဏီ ဖြစ်ရပါမည်။
- အလားတူ ပရောဂျက်များတွင် အထူးသဖြင့် ကြိုတင်ပြင်ဆင်ထားသော အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် တပ်ဆင် ခြင်းဆိုင်ရာ အတွေ့အကြုံများ။
- ပရောဂျက်ကို အကောင်အထည်ဖော်ရန်နှင့် အချိန်ဇယားများပြည့်မီရန် ငွေကြေးဆိုင်ရာစွမ်းဆောင်ရည်။

**တင်ဒါတင်သွင်းခြင်း**

- အသေးစိတ်နည်းပညာသတ်မှတ်ချက်များနှင့် စာချုပ်ပါစည်းကမ်းချက်များအပါအဝင်
- လေလံစာရွက်စာတမ်းများကို သံရုံးအုပ်ချုပ်ရေးရုံးမှ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။
- တံဆိပ်ခတ်ထားသည့် လေလံများသည် **"အကြိုပြင်ဆင်ထားသော Modular Cabin နှင့် Washrooms များအတွက် လေလံ" ဟု ထင်ရှားစွာ မှတ်သားထားသောလေလံများကို ၅ ရက်၊ နိုဝင်ဘာ ၂၀၂၄၊ (ညနေ ၅ နာရီအချိန်** )နောက်ဆုံးထား၍ ပါကစ္စတန်သံရုံးသို့ တင်သွင်းရမည်ဖြစ်သည်။

**လေလံများဖွင့်လှစ်ခြင်း**

- **၆ ရက်၊ နိုဝင်ဘာ ၂၀၂၄ (နံနက် ၁၁နာရီအချိန်)** နောက်ဆုံးထားပြီး လေလံဆွဲသူများ သို့မဟုတ် ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်များထံတွင် လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။

**တင်ပြခြင်းနှင့် ဆက်သွယ်ရန်လိပ်စာ**

ပါကစ္စတန်သံရုံး
အမှတ် A4၊ ပြည်လမ်း၊ သံတမန်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်
ဖုန်း:01222881
အီးမေးလ်–accttspakembygn@gmail.com

ပါကစ္စတန်အစိုးရ၏ အများသူငှာ ဝယ်ယူရေးစည်းမျဉ်းများနှင့်အညီ မည်သည့်အကြောင်းပြချက်မှ မသတ်မှတ်ဘဲ လေလံဆွဲခြင်း သို့မဟုတ် အားလုံးကို ငြင်းပယ်ပိုင်ခွင့်ကို သံရုံးမှ လက်ဝယ်ရှိပါသည်။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၅ / ၂၀၂၄–၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ ဆောင်ရွက်လိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–194(24–25) | Barytes (Local) (3,000) Tons | Ks |
| (၂) | DMP/L–195(24–25) | Metering and Control System Upgrading for Hmawbi Gas Receiving and Metering Station (GRMS) (1) Lot အား Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |
| (၃) | DMP/L–196(24–25) | Metering and Control System Upgrading for Biscuit and Instant Noodle (Hmawbi) Factory (1) Lot အား Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၂၂–၁၀–၂၀၂၄** ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၄–၁၁–၂၀၂၄ရက် (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
ဖုန်း–၀၆၇–၄၁၁၂၀၆

## ပျောက်ဆုံးကြောင်း

(ဘ)ဦးစန်းအောင်လှ၏ သား ဦးဖွဲ့ရန်အောင်လှ(ခ) အောင်လ ၁၂/မရက(နိုင်) ၁၄၂၀ ၁၃၍ ပတ်စ်ပို့စာအုပ်(မမှတ်မိမှာ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၃၁၁၈၈၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၇၂၉၀၆, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးစံ ၉/ပဗသ(နိုင်)၁၁၀၄၉၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ စစ်ကိုင်းလမ်း၊အမှတ် ၆၆၆/ခဟု ခေါ်တွင်သော အကျယ်အဝန်း(အလျားxအနံ)(၂၀ပေx၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ခန်းတည်း(၆)ထပ်တိုက် RC၊ ပထမထပ်(၂)လွှာ အခန်းကျယ်(၁၈ပေx၅၀ပေ)၊ အမြင့်(၉)ပေတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ရွှေမာ ၁၂/ဥကတ(နိုင်)၀၉၈၁၉၆ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေများ ပေးအပ်ထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဖြိုးသက်ဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၆၁၃)**
**အမှတ်(၂၃)၊ ဝါဝါဝင်းလမ်း၊(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၀၂၅၉၁၆၇၄**

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးခရိုင်၊ ကျိုက်ဒုံမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးစောပန်းစိန်၏သမီးဖြစ်သူ မဖူးပွင့်ကေရီ ၃/ကဒန(နိုင်)၀၈၆၀၀၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀–၄–၂၀၀၃ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

